ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့၊ (8-1-2005) (၄၄၇၂)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ဆီးရီးယား

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✪

ကျေးလက်ပြည်သူတို့၏ ကျန်းမာရေးကို စိတ်ကောင်းစေတနာကောင်းနှင့် ပြုစုစောင့်ရှောက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက် လက်ရုံးရည်နှလုံးရည်ပြည့်ဝသည့် မွန်မြတ်သောသူနာပြုများဖြစ်ရန် ကိုးပမ်းအားထုတ်

ရန်ကုန် ဇန်နဝါရီ ၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။

(အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ရဲဘော်တို့–

ဒီနေ့ဟာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲဖြစ်လို့ တပ်မတော်ဆေးတပ်ဖွဲ့အတွက် အားသစ်လောင်းတဲ့ ဂုဏ်ယူဖွယ်ရာ နေ့တစ်နေ့ဖြစ်တယ်။ ရဲဘော်တို့ကို တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှာ တာဝန်ပေးခန့်အပ်တော့မှာဖြစ်တဲ့အတွက် မှာကြားစရာရှိတာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့–

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်ကတော့ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သော လက်ရုံးရည် နှလုံးရည်ပြည့်ဝသည့် သူနာပြု ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်ဖြစ်တယ်။

ဒါကြောင့် ရဲဘော်တို့ကို လက်ရုံးရည် နှလုံးရည်ပြည့်ဝတဲ့ အရည်အသွေးမြင့် သူနာပြုများဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ခဲ့ပြီးဖြစ်တယ်။ ရဲဘော်တို့ဟာ သူနာပြုအတတ်ပညာတွေကို လေ့လာသင်ယူ တတ်မြောက်ခဲ့ကြပြီးဖြစ်တဲ့အတွက် သူနာပြုသိပ္ပံဘွဲ့ကို အပ်နှင်းခြင်းခံကြရတော့မှာဖြစ်တယ်။

ထို့အတူပဲ ရဲဘော်တို့ဟာ စစ်ပညာများကို သင်ကြားခဲ့ပြီးဖြစ်တဲ့အတွက် စစ်ဘက်တာဝန်ရဲ့ သဘောသဘာဝနဲ့ သူနာပြုတာဝန်ကို ဆက်စပ်ပြောကြားလိုတယ်။

တို့တပ်မတော်သားဆိုတာ စစ်မြေပြင်မှာ တစ်ဦးအတွက် တစ်ဦးက အသက်ပေးကြသူတွေဖြစ်တယ်။ ဒါဟာ ရဲဘော်စိတ်ကြောင့်ပဲဖြစ်တယ်။ ရဲဘော်တို့ဟာ စစ်မြေပြင်မှာ ထိမှန်ဒဏ်ရာရသူတွေကို ရန်သူ့ပစ်ခတ်မှုအောက်မှာပင်လျှင် တက်ရောက်ပြုစုရမှာဖြစ်တယ်။ ဒါဟာ ရဲဘော်စိတ်ရှိမှ လုပ်ဆောင်နိုင်တဲ့ စွမ်းရည်ဖြစ်တယ်။ ထို့အတူပဲ ဘေးအန္တရာယ်ကို စွန့်လွှတ်စွန့်စားတဲ့စိတ်ဓာတ်နဲ့ ရဲရဲရင့်ရင့် ရင်ဆိုင်နိုင်စွမ်းရှိမှလည်း ဒီလိုတာဝန်မျိုးကို ထမ်းဆောင်နိုင်မှာဖြစ်တယ်။ စစ်ပွဲအားလုံးမှာ ရှေ့ဦးသူနာပြုလုပ်ငန်းဟာ အရေးအကြီးဆုံးဖြစ်သလို နောက်ပိုင်းပြန်လည်ထူထောင်ပေးမှုအထိ ဆက်လက်ပြုစုကုသရာမှာလည်း ဆေးဝါးထက် အစွမ်းထက်တဲ့ စိတ်ပိုင်းဆိုင်ရာ ပြုစုကုသမှုဟာ ရဲဘော်တို့ရဲ့ နှလုံးသားအတွင်းမှာရှိတယ်။ ဒါဟာ သူနာပြုဘဝရဲ့ မွန်မြတ်မှုကို ထင်ရှားစေတဲ့အချက်ဖြစ်တယ်။ ဒါကြောင့် **ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်** ဆိုတဲ့ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၈-၁-၂၀၀၅
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမိဋ္ဌာန်

“လွတ်လပ်ရေးထက် တန်ဖိုးအနဂ္ဃထိုက်တန်ကြီးမြင့်သောအရာသည်မရှိ၊ ကမ္ဘာတည်သရွေ့ မြန်မာ့လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်ထက်သန်သည့် မိမိတို့တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြပါစို့”

ကုန်ကြမ်းအပြည့်အဝရရှိရေး ဝါတိုးချဲ့စိုက်ပျိုး အရည်အသွေးမီကုန်ပစ္စည်းများ ထုတ်လုပ်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့်နိုင်ငံဖြစ်ရာ အမျိုးသားစီးပွားရေးဘဝကို တည်ဆောက်ရာတွင် လယ်ယာကဏ္ဍကို အခြေပြုကြိုးပမ်းလျက်ရှိသည်။ အလားတူ နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရာတွင် စက်မှုကဏ္ဍတိုးတက်ဖြစ်ထွန်းရေးကိုပါ အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။ တစ်ချိန်တည်းတွင် စိုက်ပျိုးရေးအပါအဝင် စက်မှုလက်မှုနှင့် အခြားသော ကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီး၌ ပြည်ပပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာရေးတို့ကိုလည်း နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့က မကွေးတိုင်း ပွင့်ဖြူမြို့နယ်အတွင်း တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ပွင့်ဖြူ ချည်မျှင်နှင့်အထည်စက်ရုံ (စီမံကိန်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပွင့်ဖြူ ချည်မျှင်နှင့်အထည်စက်ရုံ(စီမံကိန်း) လုပ်ငန်းနှင့်စပ်လျဉ်း၍ **စက်ရုံစီမံကိန်း၏ ရည်မှန်းချက်များကို လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်နိုင်အောင် စေတနာထား၍ ကြိုးကြိုးစားစား ကြပ်မတ်ကွပ်ကဲသွားကြရေး၊ အဓိကလိုအပ်သည့် ဝါကုန်ကြမ်း အပြည့်အဝရရှိရေးအတွက် စီမံချက်ချပြီး စိုက်ပျိုးထုတ်လုပ်ရေး၊ အရည်အသွေးမီ၊ အဆင့်အတန်းမီ သွင်းကုန်အစားထိုးနိုင်သည့် စက်ရုံအဖြစ် ပီပြင်စွာ ရပ်တည်နိုင်ရေး ဆောင်ရွက်သွားကြရန်** မှာကြားခဲ့သည်။

ပွင့်ဖြူ ချည်မျှင်နှင့်အထည်စက်ရုံ(စီမံကိန်း)ကို ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းပေးရန်နှင့် သွင်းကုန်အစားထိုး ဆောင်ရွက်နိုင်ရန် ရည်ရွယ်တည်ဆောက်လုပ်ကိုင်လျက်ရှိသည်။ ထို့အပြင် ဒေသဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာရေး၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရေးနှင့် ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြု၍ နည်းပညာပိုင်းဆိုင်ရာ မြင့်မားလာရေး ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

ယခုအခါ စက်ရုံစီမံကိန်းအရ ဝါဖန်ဝါလိပ်စက်၊ ဗိုင်းတောင့်စက်၊ အပင်ပေါင်းစက်၊ တည်င်းလုံးစက်၊ ချည်ငင်စက်၊ ချည်ကတော့စက်တို့ တပ်ဆင်ပြီးစီးနေပြီဖြစ်ရာ စက်များစမ်းသပ်လည်ပတ်လျက်ရှိသည်။

ပွင့်ဖြူ ချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း) အတွက် ကုန်ကြမ်းဖြစ်သည့် ချည်မျှင်ရှည်ဝါ လုံလောက်စွာရရှိရေး၊ လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့နှင့်ရေရရှိရေးလုပ်ငန်းများကို ဖြည့်တင်းလုပ်ဆောင်လျက်ရှိပြီး မကြာမီလပိုင်းအတွင်း ကုန်ထုတ်လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းသည် မိုးနည်းရေရှားဒေသဖြစ်သော်လည်း နိုင်ငံတော်က စိုက်ပျိုးရေနှင့် သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးလျက် ရှိသည့်အပြင် မြစ်ရေတင် စီမံကိန်းများ၊ မြေအောက်ရေ ရရှိရေးလုပ်ငန်းများကို စီမံဖြည့်ဆည်းပေးလျက်ရှိရာ ဒေသစိုက်ပျိုးရေးလုပ်ငန်းများကို များစွာ အကျိုးပြုလျက်ရှိနေပြီဖြစ်သည်။

ယခုအခါ ဒေသအတွင်း ခေတ်မီချည်မျှင်နှင့်အထည်စက်ရုံကြီးကို တည်ဆောက်ပေးလျက်ရှိရာ အဆိုပါ စက်ရုံအတွက် လိုအပ်မည့် ကုန်ကြမ်းဖြစ်သည့်ဝါကို တိုးချဲ့စိုက်ပျိုးသွားကြရန် လိုအပ်မည်ဖြစ်သည်။ ဝါစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပံ့ပိုးမှုများကိုရယူ၍ ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်ရာတွင် တစ်ဧကအထွက်နှုန်း ကောင်းသည့် မျိုးကောင်းမျိုးသန့်ဝါများ စိုက်ပျိုးထုတ်လုပ်သွားကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ တာဝန်ရှိသူအသီးသီးတို့က ချည်မျှင်နှင့်အထည်စက်ရုံ(စီမံကိန်း)၏ ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဝါကုန်ကြမ်းများ အပြည့်အဝရရှိရေး၊ အရည်အသွေးမီ၊အဆင့်အတန်းမီ သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့်တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂ရက် မွန်းလွဲ ၂နာရီတွင်ကန်တော်ကြီး သဘာဝဥယျာဉ် မြေပဒေသာကျွန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးပြတိုက်၌ ကျင်းပရာ ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက် အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော ဌာနများမှ တာဝန်ရှိသူများက လုပ်ငန်း များအခြေအနေကိုရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ယင်းနောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများက ရန်ကုန်မြို့တော်ကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးစေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန် ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးစေရေးအတွက် တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော်ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းမီစွာဖြင့် သဘာဝအလှများ မပျက်စီးစေဘဲ အမြန်ပြီးစီးစေရေး ဆောင်ရွက်ကြရန်နှင့် ပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် အပန်းဖြေအနားယူနိုင်ရေးသာမက စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာပညာရပ် ဗဟုသုတများ လေ့လာနိုင်သည့်နေရာတစ်ခု ဖြစ်လာစေရေး စီမံဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်ကကျင်းပရာ Grade 2 တွင် ထူးချွန်ပထမဆုရရှိသော မနှင်းမွန်မြတ်သိန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝမ်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်တွင်းရုပ်ရှင်ဇာတ်ကားများ အဆင့်အတန်းမြင့်မြင့် ရိုက်ကူးထုတ်လုပ် ဇာတ်လမ်းအရ ခွင့်ပြုသင့်သည်များကို မူဝါဒမထိခိုက်စေဘဲ လျှော့ပေါ့စဉ်းစားခွင့်ပြုသင့်

ရန်ကုန် ဇန်နဝါရီ ၇

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့ရုပ်ရှင်များ အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့များအား ဇန်နဝါရီ၆ရက် မွန်းလွဲ ၂နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးမှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်များ အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့များအား တွေ့ဆုံ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များတက်ရောက်ကြသည်။

အမှာစကားပြောကြား

တွေ့ဆုံဆွေးနွေးပွဲတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ နိုင်ငံအချို့တွင် ရုပ်ရှင်လုပ်ငန်းကို ဝင်ငွေရသည့် ကုန်ထုတ်လုပ်ငန်းတစ်ခုအဖြစ် အောင်မြင်စွာ ဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ ရုပ်ရှင်လုပ်ငန်းသည် ရွှေရတုကာလကိုကျော်ခဲ့ပြီဖြစ်သော်လည်း ထိုက်သင့်သည့် အဆင့်အတန်းသို့ ရောက်ရှိရန် လိုအပ်နေသေးသည်ကို တွေ့ရကြောင်း။

လက်ရှိကာလတွင် မိမိနိုင်ငံတွင်းမှ ရုပ်ရှင်ဇာတ်ကားကြီးများ ထုတ်လုပ်မှုနည်းပါးခြင်း၊ ထုတ်လုပ်သော ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ၏ အရည်အသွေး လိုအပ်ချက်များ ရှိခြင်းတို့ကြောင့် နိုင်ငံခြားမှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားအများအပြားဝင်ရောက်လာနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံခြားဇာတ်ကားများက ပြည်တွင်းမှ ထုတ်လုပ်နိုင်သည့် အရေအတွက်ထက် ပိုမိုဝင်ရောက်လာနေသဖြင့် မိမိနိုင်ငံမှ နိုင်ငံခြားငွေများကို ဖျော်ဖြေမှုအတွက် သုံးစွဲနေရသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံခြားယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးမှုကို အစဉ်ခံနေရမှာဖြစ်ကြောင်း၊ တိုင်းပြည်အတွက် အဘက်ဘက်က နစ်နာဆုံးရှုံးပါကြောင်း။

ပြည်ပသို့ထိုးဖောက်

ထို့ကြောင့် ပြည်တွင်းမှ ရုပ်ရှင်ဇာတ်ကားများကို အဆင့်အတန်းမြင့်မြင့် ရိုက်ကူးထုတ်လုပ်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို မြှင့်တင် ကာကွယ်ထိန်းသိမ်းပြီးဖြစ်သကဲ့သို့ နိုင်ငံခြားမှ ထိုးဖောက်ဝင်ရောက်မှုများ နည်းပါးသွားနိုင်ကြောင်း၊ ထို့ပြင် မိမိဇာတ်ကားများ အရည်အသွေး ကောင်းကောင်းဖြင့် ပြည်ပသို့ ထိုးဖောက်နိုင်ပါမှ နိုင်ငံခြားငွေသုံးစွဲမှု သက်သာပြီး ဝင်ငွေရနိုင်မှာဖြစ်ကြောင်း။

ယခုအချိန်တွင် မိမိတို့ ရုပ်ရှင်ဇာတ်ကားများ အဆင့်အတန်းမြင့်မားရေး မဆောင်ရွက်ပါက ပြည်ပမှဝင်ရောက်နေသည့် ဂြိုဟ်တုဆက်သွယ်ရေးလမ်းကြောင်းမှ ဖျော်ဖြေမှုအစီအစဉ်များ၊ ရုပ်ရှင်ဇာတ်ကားများ၊ ဗီဒီယိုနှင့် ဗီစီဒီများ စသည့် ယှဉ်ပြိုင်မှုများအောက်တွင် မြန်မာ့ရုပ်ရှင်လောကသည် အောက်ကျ နောက်ကျ ကျန်နေခဲ့တော့မှာပင်ဖြစ်ကြောင်း။

လမ်းညွှန်ထား

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲကလည်း ရုပ်ရှင်လုပ်ငန်းအဆင့်အတန်းမြင့်မားရေးကို စတင်ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း၊ မိမိအနေဖြင့် ဒီဇင်ဘာ၅ရက်တွင် ရုပ်ရှင်လောကသားအားလုံးကို တွေ့ဆုံပြီး ရုပ်ရှင်အဆင့်အတန်း မြင့်မားရေး၊ နည်းပညာပိုင်း မြင့်မားတိုးတက်ရေးနှင့် မြန်မာရုပ်ရှင်ကားများ ပြည်ပသို့ ထိုးဖောက်ရေးတို့ကို စဉ်းစားဆောင်ရွက်ကြရန် မှာကြားခဲ့ပါကြောင်း။

တိုက်တွန်းမှာကြား

ထို့အပြင် ထိုသို့ ဆောင်ရွက်နိုင်ရန် လုပ်ဆောင်သွားသင့်သည့် အကြံပြုချက် (၁၂)ချက်ကိုလည်း ချပြခဲ့ပါကြောင်း၊ ဒီဇင်ဘာ၂၆ရက်ကကျင်းပသော ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား၌လည်း ဤအချက်များကိုပင် ထပ်မံတိုက်တွန်းမှာကြားခဲ့ပါကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲတွင်အဆင့်အတန်းမီ၊ အရည်အသွေးကောင်းသော မြန်မာရုပ်ရှင်ကားကြီးများထုတ်လုပ်နိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို အကြံပြု ဆွေးနွေးကြစေလိုကြောင်း၊ ဇာတ်လမ်းစိစစ်ခြင်းနှင့် ရိုက်ကူးပြီး ဇာတ်ကားများ စိစစ်ခြင်းတို့ကိုလည်း မူဝါဒပိုင်းနှင့် နိုင်ငံတော်အတွက် မထိခိုက်စေရဘဲ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ထိုက်သင့်သလို ပြန်လည်စဉ်းစားဆွေးနွေးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

အကြံပြုဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက ရုပ်ရှင်အဆင့်အတန်းမြင့်မားရေး အကြံပြုဆွေးနွေးတင်ပြကြသည်။ တင်ပြဆွေးနွေးချက်များအပေါ်ဝန်ကြီးက ပြန်လည် ရှင်းလင်း မှာကြားရာတွင် ဇာတ်လမ်းစိစစ်ရေးနှင့် ပတ်သက်၍ လက်ရှိမူအတိုင်း ဆက်လက်ကျင့်သုံးသွားပြီး ရည်မှန်းချက်အောင်မြင်အောင် တဖြည်းဖြည်းချင်း ပြုပြင်သွားသင့်သည်များကို ပြုပြင်သွားရန်လိုကြောင်း၊ ထုတ်လုပ်သူများအနေဖြင့် ဇာတ်လမ်းများကို အရည်အသွေး ပိုမိုမြင့်မားအောင် ဖန်တီးနိုင်သည့်အခွင့်အလမ်းများရှိသည်ကို သိရှိအောင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ဆင်ဆာအဖွဲ့တို့က ထိတွေ့ဆွေးနွေးမှုများ ပြုလုပ်သင့်ကြောင်း၊ ဇာတ်လမ်းကျောရိုးနှင့် နိုင်ငံတော်၏ မူဝါဒများကို ထိန်းသိမ်းပြီး ဇာတ်ကွက်ဖန်တီးရာတွင် အနုပညာသဘော အားပြိုင်မှုဖြင့် ဆွဲဆောင်မှုရှိအောင် ထိုက်သင့်သလောက် ဖန်တီးခွင့် ပြုသင့်ကြောင်း။

ဝတ်စားဆင်ယင်မှုအရက်၊ဆေးလိပ်နှင့် အမူအရာပိုင်းတွင်လည်း မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းပြီး ဇာတ်လမ်းဇာတ်ကွက်အရ ခွင့်ပြုသင့်သည်များကို မူဝါဒမထိခိုက်စေဘဲ ထိုက်သင့်သလောက် လျှော့ပေါ့စဉ်းစားခွင့်ပြုပေးသင့်ကြောင်း၊လူနေမှုစရိုက်နှင့် သဘာဝအရ အတိုင်းအတာတစ်ခုထိ လက်ခံပေးသင့်ကြောင်း၊ အထက်ပါအချက်များကို ဆင်ဆာမူဝါဒတွင် လိုအပ်သည်များဖြည့်စွက် ပြင်ဆင်ပြီး လိုအပ်ပါက ခွင့်ပြုပေးသင့်သည့် အတိုင်းအတာများကို ဥပမာများဖြင့် ဖော်ပြပေးသင့်ကြောင်း၊ အတည်ပြုပေးသည့် ဆင်ဆာမူကို ရုပ်ရှင်လောကသား အားလုံးသိရှိအောင်ဖြန့်ဝေပေးပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့က ၎င်းတို့နှင့်ထိတွေ့ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဆိုပါက မိမိတို့မျှော်မှန်းထားသည့်အတိုင်း ရုပ်ရှင်ဇာတ်ကားများ အဆင့်အတန်း မြင့်မားတိုးတက်လာမည်ဟုယုံကြည်ပါကြောင်း မှာကြားပြီး တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ မြို့ရွာစည်ပင်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးဦးမြင့်ဦး လိုက်ပါလျက် ဒီဇင်ဘာ ၂၈ ရက်တွင် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော အမြင့်ကျေးရွာနှင့် ညောင်ပင်ဇောက်ကျေးရွာ ဆက်သွယ်သည့် ကိုးမိုင်သုံးဖာလုံရှိ အမြင့်-ညောင်ပင်ဇောက်ကျေးလက်လမ်း ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ထို့နောက် ကျေးလက်လမ်း ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ အင်ဂျင်နီယာမှူးက လုပ်ငန်းများ အပိုင်းလိုက် ဆောင်ရွက်နေသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လမ်းအရည်အသွေးကောင်းမွန်ရေး၊ ခွင့်ပြုသည့်ရန်ပုံငွေဖြင့် ခွင့်ပြုသည့် ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင်ဆောင်ရွက်ရေး၊ ရန်ပုံငွေများ အလေအလွင့်မရှိအောင် သုံးစွဲရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော မုံရွာမြို့ ကမ်းနားလမ်း မြစ်ရေကာကွယ်ရေး ကျောက်စီတာရိုးတမံနှင့် ကျောက်မြေထိန်းနံရံ ဆောင်ရွက်နေသောလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မုံရွာမြို့ ဗိုလ်ချုပ်လမ်းနှင့် ပြည်ထောင်စုလမ်းရှိ မြေယာရှင်းအလှ ပြုလုပ်ထားသော လမ်းလယ်ကျွန်းနေရာသို့ ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် ဦးထွန်းဖေအားရည်စူး၍ ဒေါ်တင်ညွန့်မိသားစု Dr.ကံထွန်း-ဒေါ်မြင့်မြင့်တင် မိသားစု အမှတ် ၆၈၊ အိုးဘိုလမ်း ကြည့်မြင်တိုင်က အလှူငွေကျပ်နှစ်သိန်းကို ဦးစိုးမြတ်အောင်(အတွင်းရေးမှူး)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် စာပေဘာသာရပ် ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် အဆိုပါကျောင်း နဝရတ်ဆောင်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းနှင့် ဒဂုံမြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမြင့်စိုးတို့က အမှာစကား ပြောကြားကြသည်။

ဆုများချီးမြှင့်

ထို့နောက် ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ်တွင် သင်ကြားမှု ထူးချွန်ဆုရ ဆရာ၊ ဆရာမများ၊ စာပေဘာသာရပ်တွင် ထူးချွန်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား လက်ထောက်မြို့နယ် ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် စာပေဘာသာရပ်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းက ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဘဂ္ဂဒက်အုပ်ချုပ်ရေးမှူးအသတ်ခံရ၊ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးလည်း သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၅

ဘဂ္ဂဒက် အုပ်ချုပ်ရေးမှူးသည် သက်တော်စောင့် ခြောက်ဦးနှင့်အတူ အင်္ဂါနေ့က လုပ်ငန်းခွင်သို့ မော်တော်ယာဉ်ဖြင့် သွားရောက်စဉ် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ ၎င်းသည် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် တရင်းတနှီး ပူးပေါင်းဆောင်ရွက်နေသူဖြစ်ကြောင်း လုပ်ကြံသတ်ဖြတ်သူများက ရှုမြင်ထားကြသည်။

အခိုင်အမာပြောကြား

အင်္ဂါနေ့က အခြားတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးနှင့် အီရတ်လက်ရွေးစင် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးခဲ့ရာ လွန်ခဲ့သည့်သုံးရက်တာကာလအတွင်း သေဆုံးသူဦးရေသည် ၇၀ ကျော်ရှိသွားပြီဖြစ်သည်။ အီရတ်နိုင်ငံ တစ်ဝန်းတွင် တိုက်ခိုက်မှုများ ဖြစ်ပွားနေသော်လည်း အမေရိကန်နှင့် အီရတ်ခေါင်းဆောင်များက ဇန်နဝါရီလ ၃၀ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲကို ဆက်လက်ကျင်းပမည်ဟု အခိုင်အမာ ပြောကြားလျက်ရှိကြသည်။

စိန်ခေါ်

အမေရိကန်အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ မက်ကလီလန်က အီရတ်နိုင်ငံတွင် လုံခြုံရေးနှင့် ပတ်သက်၍ စိန်ခေါ်မှုများ ရှိနေကြောင်းကို ဝန်ခံပြောကြားခဲ့သည်။ သို့ရာတွင် ရွေးကောက်ပွဲကျင်းပမည့် အချိန်ဇယားကို ပြောင်းလဲမည်မဟုတ်ကြောင်း ပြောကြားသည်။

အီရတ်တစ်နိုင်ငံလုံးအနေဖြင့် ကြည့်ပါက ရွေးကောက်ပွဲ ကျင်းပနိုင်မည့် လုံခြုံရေးအခြေအနေရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အီရတ်နိုင်ငံရှိ ဒေသအများစုမှာ အေးချမ်းငြိမ်သက်မှု ရှိနေသည်မှာ မှန်ကန်သော်လည်း ဘဂ္ဂဒက်မြို့တော် အပါအဝင် ကျယ်ပြန့်သည့်ဒေသများမှာ လွန်စွာအန္တရာယ်ရှိနေသည်။ ဖလူးဂျာနှင့် မိုဆူးလ်မြို့တို့တွင် ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုလုပ်ငန်းများတွင် အနည်းငယ်သာ တိုးတက်မှုရှိသည်။

ကြေညာထား

တိုက်ခိုက်မှုများက ဆွန်နီ အာရပ်ခေါင်းဆောင်များအား ရွေးကောက်ပွဲကို သပိတ်မှောက်ရန် လှုံ့ဆော်လျက်ရှိပြီး အီရတ်မှ အကြီးဆုံး ဆွန်နီနိုင်ငံရေးပါတီက အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ ကောင်းမွန်မှုမရှိသောကြောင့် ရွေးကောက်ပွဲမှ လက်ရှောင်နေရန် ကြေညာထားသည်။

ကာကွယ်ရေးဝန်ကြီးနှင့် ကုလသမဂ္ဂ ဆိုင်ရာသံအမတ်ကြီး အပါအဝင် အီရတ်ခေါင်းဆောင်အများစုက ဆွန်နီများ ရွေးကောက်ပွဲတွင် ပါဝင်နိုင်ရန်အတွက် ရွေးကောက်ပွဲ ရွှေ့ဆိုင်းရန် အကြံပြုထားကြသော်လည်း အခြားတာဝန်ရှိ ပုဂ္ဂိုလ်များက အာလာဝီအား ထောက်ခံပြီး ရွေးကောက်ပွဲအား သတ်မှတ်သည့် အစီအစဉ်အတိုင်း ကျင်းပရန်လိုလားလျက်ရှိသည်။

အင်တာနက်။



ဖလူးဂျာမြို့မှ အီရတ်ဒုက္ခသည်သားအမိနှစ်ဦး ရိက္ခာရရှိရန် စောင့်ဆိုင်းနေကြသည်ကို ဇန်နဝါရီ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အဘူဂါရစ်အကျဉ်းထောင်နှိပ်စက်မှု စစ်ခုံရုံးဖြင့် စစ်ဆေး

ဒါလတ်စ် ဇန်နဝါရီ ၅

အီရတ်နိုင်ငံ အဘူဂါရစ်အကျဉ်းထောင်နှိပ်စက်မှုတွင် ခေါင်းဆောင်အဖြစ် သင်္ကာမကင်းသူ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးအား စစ်ပွဲဖြစ်နေစဉ်ကာလအတွင်း ကျူးလွန်ခဲ့သောပြစ်မှုနှင့် ပတ်သက်၍ စစ်ခုံရုံးဖြင့် စစ်ဆေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပရိမစ်ပုံသဏ္ဌာန်ပြုလုပ်နေသည့် အဘူဂါရစ်ထောင်မှ အီရတ်အကျဉ်းသားများ၏ ဓာတ်ပုံနောက်မှ အမေရိကန်တပ်ဖွဲ့ဝင် ချားလ်စ်ဂရေနာ မတ်တပ်ရပ်နေသည့် ဓာတ်ပုံအပါအဝင် လိင်ပိုင်းဆိုင်ရာအရ အရှက်တကွဲအကျိုးနည်းစေရန် ပြုလုပ်ထားသော ပုံစံအမျိုးမျိုး ပါဝင်သည့်ဓာတ်ပုံများ သတင်းမီဒီယာများတွင် ပေါ်ထွက်လာခဲ့သည်။

ဂယက်ရိုက်

အဘူဂါရစ်အကျဉ်းထောင်မှ ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်သည့် ဓာတ်ပုံများကြောင့် ကမ္ဘာတစ်ဝန်း ဂယက်ရိုက်ခဲ့ပြီး အမေရိကန် သမ္မတဘုရှ်က ယင်းဖြစ်ရပ်အပေါ် တောင်းပန်ခဲ့ရသည့်အခြေအနေအထိ ဆိုက်ခဲ့ရသည်။

၎င်းကို ဖို့စ်ဟူစစ်စခန်းတွင် သောကြာနေ့က စစ်ခုံရုံးတင် စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ထောင်ဒဏ် ၂၄ နှစ်ခွဲ ကျခံရမည်ဖြစ်သည်။ ၎င်းအား အီရတ်အကျဉ်းသားများအား နှိပ်စက်မှု၊ တာဝန်ပျက်ကွက်မှု၊ မချေမငံ ဆက်ဆံမှု၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့မှု၊ သိက္ခာမဲ့လုပ်ရပ်များပြုလုပ်ခဲ့မှုနှင့် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

တပ်ကြပ်ကြီး ထရေစီပါကင်ကိုလည်း အီရတ်နိုင်ငံသားနှစ်ဦးအား တိုက်ဂရစ်မြစ်အတွင်းသို့ တွန်းချမှုနှင့် စပ်လျဉ်း၍ စွဲချက်တင်ထားရာ အင်္ဂါနေ့တွင် သီးခြားစစ်ခုံရုံးဖွဲ့စစ်ဆေးမည်ဖြစ်သည်။

ထရေစီပါကင်အားလည်း လူသတ်မှု၊ ဆိုးဆိုးရွားရွား ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ တရားဥပဒေအား အဟန့်အတားဖြစ်စေမှုတို့ဖြင့် စွဲချက်တို့ဖြင့် ထောင်ဒဏ် ၂၉ နှစ် ကျခံနိုင်သည့်ပြစ်မှုကို ရင်ဆိုင်နေရသည်။

ထိခိုက်ညိုးနွမ်း

အဘူဂါရစ်အကျဉ်းထောင် နှိပ်စက်မှုနှင့် စပ်လျဉ်းသည့် ဓာတ်ပုံများကြောင့် နိုင်ငံတကာက အုတ်အော်သောင်းတင်း ရှုတ်ချပြောကြားကြပြီး အမေရိကန်အစိုးရ၏ ဂုဏ်သိက္ခာအား ထိခိုက်ညှိုးနွမ်းစေခဲ့သည်။

စွဲချက်တင်

ချားလ်စ်ဂရေနာသည် အမှတ်-၃၇၂ ကြည်းတပ် စစ်ရဲတပ်ခွဲမှ အရန်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၎င်းနှင့် အခြားအရန်တပ်ဖွဲ့ဝင်စုစုပေါင်းခုနစ်ဦးသည် ဖော်ပြပါ အကျဉ်းထောင်နှိပ်စက်ညှဉ်းပန်းမှုနှင့် ပတ်သက်၍ စွဲချက်တင်ခံထားရသည်။ အမှတ်-၃၇၂ စစ်ရဲတပ်မှ တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထားခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ဒေသခံတာဝန်ရှိပုဂ္ဂိုလ်နှစ်ဦး အီရတ်တွင် သတ်ဖြတ်ခံရ

ဘာကူဘာ(အီရတ်) ဇန်နဝါရီ ၅

လက်နက်ကိုင်များက ဘဂ္ဂဒက် အရှေ့မြောက်ပိုင်းဒေသရှိ ဒိုင်ယာလာပြည်နယ်မှ ဒေသခံအစိုးရ တာဝန်ရှိပုဂ္ဂိုလ်နှစ်ဦးအား စနေနေ့က လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်းရဲတပ်ဖွဲ့နှင့် ဆေးရုံသတင်းရပ်ကွက်များကပြောကြားသည်။

လက်နက်ကိုင်များက ဒိုင်ယာလာအစိုးရအုပ်ချုပ်မှုကောင်စီအကြီးအကဲဖြစ်သူ အယ်လ်ရှီမာရီအား ဘာကူဘာမြို့အနီးရှိ ဆိုင်တစ်ဆိုင်တွင် ပစ်သတ်ခဲ့သည်။ ဘာကူဘာမြို့သည် အမေရိကန်နှင့် ၎င်းတို့ကို ထောက်ခံသည့် အီရတ်တပ်ဖွဲ့ဝင်များအား တွန်းလှန်တိုက်ခိုက်ရာ အဓိကဒေသ တစ်ခုဖြစ်သည်။

ပစ်သတ်ခံရ

ယင်းတိုက်ခိုက်မှုတွင် အယ်လ်ရှီမာရီ၏ အစ်ကိုတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ကောင်စီအဖွဲ့ဝင်တစ်ဦးဖြစ်သူ အလီဟာဒါဝီသည်လည်း အနီးအပါးရှိ ခါလစ်မြို့တွင် ပစ်သတ်ခံခဲ့ရသည်ဟု ဖော်ပြပါသတင်းရပ်ကွက်များက ပြောကြားသည်။

လက်နက်ကိုင်များက အီရတ်ရဲတပ်ဖွဲ့မှဗိုလ်မှူးတစ်ဦးကိုလည်းဘဂ္ဂဒက်အနောက်တောင်ဒေသရှိ ၎င်း၏ အိမ်ပြင်ဘက်တွင် ပစ်သတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်ထောက်ခံအားပေးသည့် အီရတ်အစိုးရအား တိုက်ခိုက်နေသော ပြောက်ကျားများသည် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များနှင့် အီရတ်ရဲတပ်ဖွဲ့ဝင် အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များအား ကြိမ်ဖန်များစွာ ပစ်မှတ်ထား၍ တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ခွေးများ၏ ခန္ဓာကိုယ်အတွင်း သို့ဝှက်သယ်လာသောဘိန်းဖြူသုံးကီလို ကိုလံဘီယာတွင် ဖမ်းဆီးရမိ

ဘိုဂိုတာ ဇန်နဝါရီ ၅

ကိုလံဘီယာနိုင်ငံ ရဲတပ်ဖွဲ့သည် ဒီဇင်ဘာ ၄ ရက်က အိမ်မွေးခွေးများ၏ ခန္ဓာကိုယ်အတွင်း သို့ဝှက်၍ သယ်လာသော ဘိန်းဖြူ သုံးကီလိုဂရမ်ကို နိုင်ငံ၏ အနောက်မြောက်ပိုင်း မယ်ဒလင်အရပ်တွင် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ရည်ရွယ်

မယ်ဒလင်လေဆိပ်အနီးရှိ ယာခင်းတစ်ခုအနီးတွင်ဘိန်းဖြူသို့ဝှက်၍ သယ်လာသော ခွေးများကို ဖမ်းဆီးရမိခြင်းဖြစ်၏။ ဖမ်းဆီးရမိသော ဘိန်းဖြူများ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ နှစ်သိန်းရှိပြီး အဆိုပါ ဘိန်းဖြူများကို ခွေးများအတွင်း သို့ဝှက်၍ လေယာဉ်ဖြင့် သယ်ဆောင်ကာ အမေရိကန် ဈေးကွက်သို့ပို့ရန် ရည်ရွယ်ဟန်ရှိသည်ဟုဆိုသည်။

ပြီးခဲ့သောနှစ် နိုဝင်ဘာလအချိန်အထိ ကိုလံဘီယာရဲများက ပြုလုပ်ခဲ့သော မူးယစ်ဆေးဝါး နှိမ်နင်းရေးစစ်ဆင်ရေးများအတွင်း ရဲများသည် လက်နက်များ၊ ကားများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ငွေကြေးများနှင့် မူးယစ်ဆေးဝါး ၉၈ တန်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ကမ္ဘာပေါ်တွင် ကိုလံဘီယာနိုင်ငံသည် မူးယစ်ဆေးဝါးထုတ်လုပ်သော အဓိကနိုင်ငံတစ်ခုဖြစ်သည်။ ထိုနိုင်ငံသည် နှစ်စဉ်ကိုကင်းတန်ချိန် ၅၇၀ ထွက်ရှိသည်။ ကမ္ဘာ့ကိုကင်းထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းမှာ အဆိုပါနိုင်ငံမှ ထုတ်လုပ်ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်မြောက်ပိုင်းတွင် ကားဗုံးဖောက်ခွဲမှုဖြစ်ပွား အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၅

ဘဂ္ဂဒက်မြောက်ပိုင်းဒေသ အမေရိကန်ကြည်းတပ်အခြေစိုက်စခန်းအနီး စစ်ဆေးရေးဂိတ်အနီးတွင် ဇန်နဝါရီ ၂ ရက်က အသေခံကားဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ရာ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးပြီး အခြားရှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဒူဘိုင်းအခြေစိုက် အယ်လ်အာရေဗျ ရုပ်မြင်သံကြားက ဖော်ပြသည်။

အဆိုပါ ပေါက်ကွဲမှုသည် ဘာလက်မြို့အနီးတွင် ဖြစ်ပွားခဲ့ပြီး တနင်္ဂနွေနေ့က အသေခံ ကားဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့သည့်နေရာတွင် ထပ်မံဖြစ်ပွားခြင်းဖြစ်သည်။ ထိုဖြစ်စဉ်တွင် အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များ သယ်ဆောင်လာသည့် ဘတ်စ်ကားမှာ ပျက်စီးသွားပြီးလူ ၂၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သတင်းအရ သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကန်တပ်ဖွဲ့၏ လုံခြုံရေး အထူးတင်းကျပ်ထားသည့် အစိမ်းရောင်နယ်မြေအနီး ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အမေရိကန်တပ်ဖွဲ့များ လုံခြုံရေးယူထားသည်ကို ဇန်နဝါရီ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်ဈေးကွက်တွင် အမေရိကန်ကားကုမ္ပဏီများအရောင်းကျ ဂျပန်ကားကုမ္ပဏီများ အရောင်းသွက်

ဝါရှင်တန် ဇန်နဝါရီ ၅

ဂျီအမ်မော်တော်ကားကုမ္ပဏီနှင့် ဖို့ဒ်မော်တော်ကားကုမ္ပဏီတို့၏ ၂၀၀၄ ခုနှစ် မော်တော်ကားရောင်းချမှု အခြေအနေမှာ ကျဆင်းလျက်ရှိပြီး ဂျပန်မော်တော်ကားကုမ္ပဏီများ၏ ရောင်းချရမှုမှာ ဆက်လက်တိုးတက်လာလျက်ရှိသည်ဟု သတင်းများက ဆိုသည်။

အမေရိကန်နိုင်ငံတွင် ဂျီအမ်မော်တော်ကားကုမ္ပဏီသည် အကြီးဆုံးမော်တော်ကားကုမ္ပဏီကြီး ဖြစ်သည်။ ထိုကုမ္ပဏီ၏ ၂၀၀၄ ခုနှစ် အရောင်းပမာဏသည် ဆလွန်းကားရောင်းရမှုတွင် ၃ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားပြီး ထရပ်ကား ရောင်းရမှုမှာ ၁ ရာခိုင်နှုန်းအောက် တိုးတက် မှုသာရှိကြောင်း ဒီဇင်ဘာ ၄ ရက်က ထုတ်ပြန်သော စာရင်းအင်းများအရ သိရသည်။

ကျဆင်း

ဖို့ဒ်မော်တော်ကား ကုမ္ပဏီသည် အမေရိကန်ဈေးကွက်တွင် ဒုတိယအကြီးဆုံး မော်တော်ကား ကုမ္ပဏီကြီး ဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် ဆလွန်းကား ရောင်းချမှုသည် ၁၄ ရာခိုင်နှုန်း ကျဆင်းပြီး ထရပ်ကား ရောင်းချရမှုမှာ ၁ ရာခိုင်နှုန်း ကျဆင်းကြောင်း စာရင်းအင်းများက ဆိုသည်။

စီးရေပေါင်း နှစ်သန်းကျော်

တစ်ချိန်တည်းမှာပင် အမေရိကန်ဈေးကွက်ရှိ တိုယိုတာမော်တော်ကားကုမ္ပဏီနှင့် နစ်ဆန်း မော်တော်ကားကုမ္ပဏီတို့၏ ၂၀၀၄ ခုနှစ် ကားရောင်းချရမှုသည် စီးရေပေါင်းနှစ်သန်းကျော်ရှိကာ ဆက်လက်တိုးမြင့်လျက်ရှိကြောင်း သိရသည်။

ထိုကုမ္ပဏီများသည် မော်တော်ကားလုပ်ငန်း ဆောင်ရွက်နေသော ၄၇ နှစ်သက်တမ်းအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် အမေရိကန် ဈေးကွက်တွင် စင်းရေ နှစ်သန်းကျော်အောင် ရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများက ဆိုသည်။ ငွေကြေးပမာဏအားဖြင့်ဆိုလျှင် ရောင်းရငွေသည် ယခင်နှစ်က ထက် ၁၀ ရာခိုင်နှုန်းကျော်တိုးတက်လာခြင်းဖြစ်သည်။ နစ်ဆန်းကုမ္ပဏီသည် တစ်တန်အမျိုးအစား ပစ်ကပ်ကားများနှင့် မော်ဒယ်အသစ် မော်တော်ကားများ ရောင်းချမှုကြောင့် အရောင်းမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ထိုကားများ၏ ရောင်းချရမှုမှာ ယခင်နှစ်ကထက် ၂၃ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုလာကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဒီရေရောက်သစ်တောများ ထိန်းသိမ်းရေး ဗီယက်နမ်နိုင်ငံ ကြိုးပမ်းဆောင်ရွက်

ဟနွိုင် ဇန်နဝါရီ ၆

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅-၂၀၁၀ ပြည့်နှစ်ကာလတွင် ဒီရေရောက်သစ်တော ၁၄ ခုကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ် (ယူအင်န်အီးပီ) တို့က နောက်ဆုံးထုတ်ပြန်လိုက်သော စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားကြောင်း ဗီယက်နမ်သတင်းဌာနက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံတွင် ဒီရေရောက်သစ်တောများသည် နိုင်ငံမြောက်ပိုင်းရှိ ကွမ်နင်းပြည်နယ်၊ နန်ဒင်းပြည်နယ်၊ ဟိုင်ဖန်စီးတီး ပြည်နယ်တို့တွင်လည်းကောင်း၊ နိုင်ငံတောင်ပိုင်းရှိဆော့ထရန်းပြည်နယ်၊ ကာမားပြည်နယ်၊ ခိုင်ယန်ဂျိန်ပြည်နယ်နှင့် ဘန်းထရီပြည်နယ်တို့တွင် တည်ရှိသည်။

ကြိုးပမ်း

ဗီယက်နမ်နိုင်ငံသည် ဒီရေရောက်သစ်တောများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် လွန်ခဲ့သည့် နှစ်နှစ်တာကာလပတ်လုံး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ သို့ရာတွင် နိုင်ငံတွင်းရှိ ဒီရေရောက် သစ်တောများသည် ရေလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်မှုကြောင့် ထိခိုက်မှုများ ရှိနေကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံရှိ ဒီရေရောက်သစ်တော တည်ရှိမှုပမာဏသည် ယနေ့ကာလတွင် ၁၅၅၂၉၀ ဟက်တာအထိ လျော့ကျသွားခဲ့ကြောင်း၊ ယင်းမှာ ၁၉၈၀ ပြည့်နှစ် အခြေအနေနှင့် နှိုင်းဆပါက ၅၀ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်ကြောင်း၊ ရေလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုများပြားလာခြင်းတို့ကြောင့် ဒီရေရောက် သစ်တောများ ပြုန်းတီးမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ ဤသို့ဖြင့် ဒီရေရောက်သစ်တောများ၏ ဂေဟစနစ်နှင့် ပင်လယ်ပြင်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်တို့တွင် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း စစ်တမ်းတွင် ဆက်လက်ဖော်ပြထားသည်။

ဒီရေရောက် သစ်တောများသည် မြစ်ဝကျွန်းပေါ်ဒေသများ၌ နုန်းတင်မြေနုများ ပို့ချပေးသော မြစ်ကြီးများ၏ မြစ်ဝများအနီးတွင် ရှင်သန်ပေါက်ရောက်လေ့ရှိသည်။ ဒီရေရောက် သစ်တောများသည် သက်ရှိသတ္တဝါများနှင့် ပြည့်လျှမ်းနေသည်။

ကဏန်းကောင်များကို စားသုံးသော မျောက်များ၊ ငါးများကို ဖမ်းဆီးသတ်ဖြတ် စားသောက်သော တောကြောင်များ၊ ကမ်းနားဒေသများတွင် ကျက်စားနေထိုင်သော ငှက်များစသည့် သတ္တဝါ အမျိုးမျိုးသည် ဒီရေရောက် သစ်တောများကို အမှီသဟဲပြုကာ ကျက်စား နေထိုင်ကြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



ဂျပန် ကားပြခန်းတွင် ပြသထားသော မာဇဒါကား ကော်ပိုရေးရှင်းမှ ကားတစ်စီးကို ပရိသတ်များ စိတ်ဝင်တစား ကြည့်ရှုနေကြသည်ကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်၏ ကဏ္ဍာပေါင်းစုံဖွံ့ဖြိုးရေးမူဝါဒ တရုတ်ပြည်သူအများစု၏ ထောက်ခံမှုရရှိ

ပေကျင်း ဇန်နဝါရီ ၆

တရုတ်ပြည်တွင် နိုင်ငံတော်ကချမှတ်ထားသော ကဏ္ဍာပေါင်းစုံ ဘက်စုံဖွံ့ဖြိုးရေးမူဝါဒကို ပြည်သူ ၈၀ ရာခိုင်နှုန်းခန့်က ထောက်ခံကြကြောင်း အင်္ဂါနေ့တွင်ထုတ်ဝေသော တရုတ်လူငယ်နေ့စဉ်သတင်းစာက ရေးသားဖော်ပြသည်။

နိုင်ငံတော်၏ မျက်မှောက်ကာလ ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြည်သူ ၈၀ ဒသမ ၁ ရာခိုင်နှုန်းက ထောက်ခံမှုရှိကြောင်း လေ့လာချက်စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

တရုတ်ပြည်သည် ဖွံ့ဖြိုးရေးမူဝါဒနှင့်ပတ်သက်၍ ပြည်သူများ၏ ဆန္ဒသဘောထားကို သိရှိနိုင်ရန် ရည်ရွယ်လျက် မြို့တော်ပေကျင်း အခြေစိုက် ဟော်ရိုက်ဇင်း သုတေသနကုမ္ပဏီက ၂၀၀၄ ခုနှစ်နှောင်းပိုင်းတွင် စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။ မြို့တော်ပေကျင်းနှင့် ရှန်ဟိုင်းတို့ အပါအဝင် မြို့ကြီးခုနစ်မြို့၌ နေထိုင်ကြသော အသက် ၁၈ နှစ်မှ အသက် ၆၀ အရွယ်အကြား လူပေါင်း ၃၈၅၉ ဦးအပေါ် အခြေခံကာ လေ့လာချက်စစ်တမ်းပြုစုရာ၌ မျက်မှောက်ကာလ ဖွံ့ဖြိုးရေးမဟာဗျူဟာကို ပြည်သူများက ထောက်ခံမှုရှိကြောင်းသိရသည်။

တရုတ်ပြည်သူများသည် အစိုးရ၏ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ယုံကြည်မှုရှိကြကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းအတွင်း တရုတ်ပြည်၏ အဆင့်အတန်း မြင့်မားလာနေသည်ဟု ပြည်သူများက ရှုမြင်ကြကြောင်း၊ မျက်မှောက်ကာလတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ကျေနပ်မှုရှိကြကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပင်လယ်ထွက်အစားအစာ စားသုံးခြင်းကြောင့် အန္တရာယ်မဖြစ်နိုင်ကြောင်း ဖိလစ်ပိုင်ပြောဆို

မနီလာ ဇန်နဝါရီ ၅

ဇူလီကန်ဗိုင်းရပ်စ်ဟု ခေါ်တွင်သော ဗိုင်းရပ်စ်ပိုးတစ်မျိုးရှိနိုင်သည့် ပင်လယ်ရေပြင်မှ ဖမ်းယူရရှိသော ပင်လယ်ထွက် အစားအစာ ရေသတ္တဝါများသည် စားသုံးသူ၏ ကျန်းမာရေးကို ထိခိုက်နိုင်သည်ဆိုသော ကောလာဟလသတင်းများနှင့်ပတ်သက်၍ ဖိလစ်ပိုင် ကျန်းမာရေးဌာနက အင်္ဂါနေ့တွင် ငြင်းဆိုလိုက်ကြောင်း ယင်းနိုင်ငံရှိ ရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်သည်။

ညစ်ညမ်းနေသော ပင်လယ်မှ ရရှိသည့် ပင်လယ်ထွက် အစားအစာကို စားသုံးခြင်းဖြင့် ဗိုင်းရပ်စ်ဆိုင်ရာ ရောဂါရရှိနိုင်သည်ဆိုသော ပြောဆိုချက်များမှာ မှန်ကန်မှုမရှိကြောင်း၊ အဆိုပါ ဗိုင်းရပ်စ်ပိုးသည်လည်း အမှန်တကယ်မရှိကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီး မင်န်ျုယယ်ဒေရစ်ကရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

ထုတ်လွှင့်

ပင်လယ်ထွက် အစားအစာများတွင် ဇူလီကန် ဗိုင်းရပ်စ်ပါရှိနေသည်ဆိုသော သတင်းစကားကို ကြားသိရခြင်းမှာ မိမိအတွက် ပထမဆုံးအကြိမ်ပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဒီဇင်ဘာ ၂၆ ရက်နောက်ပိုင်း အာရှပင်လယ်များတွင် ရေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပင်လယ်ထွက် အစားအစာများ၌ ဇူလီကန်ဗိုင်းရပ်စ်ပါဝင်နေသည်ဟူ၍ စာလွှာစာတမ်းတစ်ရပ်ကို ကိုးကားလျက် ဒေသဆိုင်ရာရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်ခဲ့ရာမှ ပြည်သူများအတွင်း စိုးရိမ် ထိတ်လန့်မှုများ ပေါ်ပေါက်ခဲ့ရသည်။

ဇူလီကန်ဗိုင်းရပ်စ်ပိုးကို ရှာဖွေတွေ့ရှိရခြင်းမရှိကြောင်း၊ မည်သည့် ပင်လယ်ထွက်အစားအစာတွင်မျှ ယင်းဗိုင်းရပ်စ်မပါရှိကြောင်း စင်ကာပူ လယ်ယာစိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် တိရစ္ဆာန်ဆေးကုသရေး အာဏာပိုင်အဖွဲ့ကလည်း ကောလာဟလကို ချေဖျက်သည့်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်တွင်သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၆

အမေရိကန်တပ်ဖွဲ့ဝင်များ၏ လှည့်ကင်း အီရတ်နိုင်ငံမြောက်ပိုင်း တယ်လ်အဖာမြို့တွင် ပစ်ခတ်ခံရရာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အိန္ဒိယ-ပါကစ္စတန် ဆက်ဆံရေးတိုးတက်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၅

မိမိတို့နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်ဆံရေးသည် အလွန်ပင် တိုးတက်လျက်ရှိကြောင်း ကက်ရှ်မီးယားပြဿနာ နှင့်ပတ်သက်၍ ယင်းဒေသရှိ ပြည်သူများ၏ တိုက်ရိုက်မဲပေးဆုံးဖြတ်မှုရှိရန် လိုအပ်ကြောင်း ပါကစ္စတန်သမ္မတ ပါဗက်စ်မူရှာရက်ဖ်က နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ တစ်ဆင့် ကြာသပတေးနေ့ညက မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံများအကြား သဘောတူညီမှုရှိမှုဟူသော အခြေခံမှုဖြင့် မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်အောင် ကြိုးပမ်းလျက်ရှိကြောင်း မူရှာရက်ဖ်က ပြောကြားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

ပေကျင်းမြို့ ဆူပါမားကက်ဈေးကြီးတစ်ခုအတွင်း လူအများစည်ကားစွာ ဝယ်ခြမ်းနေကြသည်ကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရွှေသာသနာ ရွှေမြန်မာ ရွှေညီလာ(၁)

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

ရွှေသည် အမတေသဘောဆောင်၏။ ကာလကြာညောင်း၍ ဟောင်းနွမ်းသွားခြင်းမျိုးမရှိ။ ရေကြောင့်ဖြစ်စေ၊ လေကြောင့်ဖြစ်စေ၊ မီးကြောင့်ဖြစ်စေ၊ အခြားတစ်စုံတစ်ခုကြောင့်ဖြစ်စေ အညှိတက်ခြင်း၊ အရောင်ပျက်ခြင်းမျိုး လုံးဝမရှိ။ ထာဝရဝင်းဖန့်ရွှန်းအိလျက်သာရှိ၏။ ယင်းဂုဏ်ရည်များနှင့်ထပ်တူ ဥပမာယှဉ်နိုင်သော သာသနာနှင့် မြန်မာတို့သည်လည်း ရွှေသာသနာ၊ ရွှေမြန်မာတို့သာ ဖြစ်လျက်ရှိကုန်၏။

သာသနာသည် မြတ်ဗုဒ္ဓပွင့်ဦးကာလကတည်းက မြန်မာနိုင်ငံသားတပုဿနှင့် ဘလ္လိကာတို့၏ ကံတရားကြောင့် မြန်မာနိုင်ငံသို့ ရောက်လာခဲ့၏။ ထိုမှ တတိယသင်္ဂါယနာအပြီး ကိုးတိုင်း ကိုးဌာနသာသနာပြုခရီး၌လည်း မြန်မာနိုင်ငံသည် ခရီးဦးကြိုနိုင်ငံဖြစ်ရုံမျှမက သာသနာတည်နိုင်ငံလည်းဖြစ်ခဲ့၏။ ထိုမှ ပုဂံခေတ်တွင်မူ ရဟန်းတော်အရှင်အရဟံနှင့် ဘုရင်မင်းမြတ်အနော်ရထာတို့၏ ဘုန်းရှိန်ဖြင့် သာသနာပြန့်ပွားထွန်းကားခဲ့သော အစဉ်အလာကြီးမားသည့် နိုင်ငံဖြစ်ခဲ့၏။

ထိုအချိန်မှစ၍ ပရိယတ္တိသာသနာဟူသော ပညာရေးနှင့် ပဋိပတ္တိသာသနာဟူသော ကျင့်သုံးရေးများ နိုင်ငံအနှံ့ပြန့်ပွားခဲ့ကာ ပိဋကတ်ပညာရှင် ရဟန်းရှင်လူများစွာ ခေတ်အဆက်ဆက်ပေါ်ထွက်လာခဲ့သလို ပဋိပတ်ကျင့်စဉ် အထွတ်တင်သော ရဟန်းရှင်လူများစွာလည်း ပေါ်ထွန်းလာပြီး ယနေ့အထိ ကမ္ဘာ့မည်သည့်နိုင်ငံမှာမျှ မရှိသည့် တိပိဋကဓရတိပိဋကကောဝိဒ ပုဂ္ဂိုလ်ကျော်များဖြင့် ပိဋကတ် ပညာရည်မြင့်မားသော မြန်မာ၊ အရိယာဟု ယုံကြည်ရလောက်သော သို့မဟုတ် ယင်းကို ဦးတည်ကာ အားကြိုးမာန်တက် လျှောက်လှမ်းနေသော ယောဂီပုဂ္ဂိုလ်များဖြင့် ပဋိပတ်ကျင့်သုံးစွမ်းအားမြင့်မားသော မြန်မာအဖြစ် ကမ္ဘာ့အလယ်တင့်တယ်တောက်ပလျက်သာရှိနေ၏။ ထို့ကြောင့် ရွှေသာသနာနှင့်ရွှေမြန်မာသည် ဒြပ်ပုံရောဂုဏ်ရည်ပါ စံမီပကတိရွှေသား ၂၄ ကရက်အရည်ပြည့်ရွှေ၊ ရွှေစစ် ရွှေမှန်ဖြစ်လျက်ရှိတော့၏။

ဤရွှေမြန်မာနိုင်ငံ၌ ရွှေသာသနာ ကမ္ဘာအနှံ့ပြန့်ပွားစေရန် ရွှေညီလာခံကြီးတစ်ခု သမိုင်းဝင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ ရွှေသာသနာ၊ ရွှေမြန်မာ၊ ရွှေညီလာတို့သည် အနာဂတ်တာ ကာလတစ်လျှောက် ထွန်းတောက်လက်ဝေ အမတေခေတ် တဖျတ်ဖျတ် မပြတ်ဝင်းလဲ့နေတော့မည်ဖြစ်၏။

ရွှေညီလာဟူသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက် စုစုပေါင်း သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာနှင့် ခမ်းနားထည်ဝါစွာကျင်းပခဲ့သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ဆိုအပ်ပါသည်။

(ခ)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ဗုဒ္ဓဘာသာ ဦးသျှောင်ဆရာတော်ကြီးများ၊ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အထက်တန်း ကမ္ဘာ့ဗုဒ္ဓဘာသာ သုတေသီပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ကြွစွာ တက်ရောက်ကြ၏။

ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို နမောတဿဖြင့် ဦးတင်ဖွင့်၊ ပြည်တွင်း၊ ပြည်ပဆရာတော် သံဃာတော်အရှင်သူမြတ်များက သရဏဂုံသုံးပါး ရွတ်ပွားကြည်ညို၊ ပြန်ကြားရေးဝန်ကြီးဌာနမြန်မာ့ ရုပ်/သံမှ မအိအိချွန်က ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနအနုပညာရှင်များတီးခတ်သည့် ရိုးရာမြန်မာ့စောင်း ကိုးလက်နှင့် တွဲဖက်လျက် ထူးမခြားနားသီချင်းခံ့ကို သီဆိုပူဇော်၊ တာဝန်ရှိသူတို့က ဆဋ္ဌသင်္ဂါယနာ၊ မဟာပါသာဏ လိုဏ်ဂူတော်အပြင်ဘက် ပတ်ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးကို တစ်ပြိုင်တည်း ကိုးကြိမ်ထိုးပူဇော်ကြ၏။

ထို့နောက် လိုဏ်ဂူတော်ကြီးအတွင်းစင်မြင့်ပေါ်ရှိ ပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်တော်မူလျက်ရှိသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံဃရာဇာဆရာတော်ဒေါက်တာ ဖမဟာဗွီချင့်စဿရာဇ်တို့က ဖယောင်းတိုင်အလင်းမီးထွန်းညှိပူဇော်ကြကုန်၏။

အစီအစဉ်အရ ပြည်တွင်း၊ ပြည်ပ ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တရား ရွတ်ပွားသရဇ္ဈာယ်၍ တက်ရောက်လာကြသူများက သာဓုသုံးကြိမ်ခေါ်ဆိုကြပြီးသော် လာအိုသံဃရာဇာဆရာတော်ကြီး၏ ကောင်းချီးမင်္ဂလာကထာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ နှုတ်ခွန်းဆက်အဖွင့်မိန့်ခွန်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ ဩဝါဒကထာ၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာကျူဒင်အာမက်ထံမှ ပေးပို့သော သဝဏ်လွှာ၊ အိန္ဒိယနိုင်ငံသမ္မတ ဒေါက်တာ အေ၊ပီ၊ ဂျေ အဗ္ဗဒူကလမ်ထံမှ ပေးပို့သော သဝဏ်လွှာများ။

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ် ပြောကြားသော နှုတ်ခွန်းဆက်မိန့်ခွန်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ် ပြောကြားသော နှုတ်ခွန်းဆက်မိန့်ခွန်းများ။

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်ထံမှ ပေးပို့သော သဝဏ်လွှာ၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရိကာ ဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါထံမှ ပေးပို့သောသဝဏ်လွှာ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာထံမှ ပေးပို့သော သဝဏ်လွှာ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ထံမှ ပေးပို့သော သဝဏ်လွှာ၊ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာရှားဗဟာဒူး ဒူပါထံမှ ပေးပို့သော သဝဏ်လွှာတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူ တို့က အသီးသီးဖတ်ကြားကြ၏။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကိုယ်စား ကမ္ဘာ့သီတဂူ ဗုဒ္ဓတက္ကသိုလ်အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဩဝါဒါစရိယ ဂုဏ်ထူးဆောင် ပါမောက္ခဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဉာဏိဿရ အရှင်သူမြတ်က မူဝါဒဆိုင်ရာ မိန့်ခွန်း (Keynote Speech)ကို မြွက်ကြားတော်မူ၏။

ထိုမှနောက်ဝယ် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နံနက် ၁၀နာရီ မိနစ်၂၀တွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကျင်းပလျက်ရှိသည့် ဆဋ္ဌသင်္ဂါယနာတင်မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးသို့ ရောက်ရှိလာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ကြိုဆိုကြ၏။

ရှေးဦးစွာ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လိုဏ်ဂူတော်ကြီး သံဃာတော်စင်မြင့်ထက်၌ သီတင်းသုံးတော်မူလျက်ရှိကြသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများနှင့် ပြည်ပနိုင်ငံ ၁၈ နိုင်ငံတို့မှ ကြွရောက်တော်မူလာကြသော ထေရဝါဒနှင့် မဟာယာန ခေါင်းဆောင်ဆရာတော်များအား ဖူးမြော်ကန်တော့ပြီး ဗုဒ္ဓရုပ်ပွားတော် တစ်ဆူစီ ဆက်ကပ်လှူဒါန်းကာ ပြည်ပနိုင်ငံများမှ တက်ရောက်လာကြသော ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နံနက် ၁၀နာရီခွဲတွင် ပြန်လည်ထွက်ခွာသွား၏။

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွီဒင်၊ နယ်သာလန်၊ နီပေါ၊ ဆွစ်ဇာလန်၊ အမေရိကန်၊ စင်ကာပူ၊ ကမ္ဘောဒီးယားနှင့် သီရိလင်္ကာနိုင်ငံများမှ ကြွရောက်တော်မူလာကြသော ဗုဒ္ဓဘာသာကိုယ်စားလှယ် ဆရာတော်အရှင်မြတ် ရှစ်ပါးတို့အား ဗုဒ္ဓရုပ်ပွားတော် တစ်ဆူစီ ဆက်ကပ်လှူဒါန်းပြီး မော်တော်ယာဉ် ၃၄စီး အလှူရှင် ဂျပန်နိုင်ငံမှ မြန်မာစီးပွားရေးလုပ်ငန်းဆိုင်ရာအသင်း ဥက္ကဋ္ဌ မစ္စတာနာကာဂျီးမား ယာဆူယိုရှီအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်၏။

ယင်းနောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂျာမနီ၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ဂျမေကာ၊ ဂျပန်၊ မက္ကဆီကို၊ သီရိလင်္ကာနှင့် ဗီယက်နမ်နိုင်ငံများမှ ကြွရောက်တော်မူလာကြသော ဗုဒ္ဓဘာသာ ကိုယ်စားလှယ် ဆရာတော်အရှင်မြတ် ရှစ်ပါးတို့အား ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီ ဆက်ကပ်လှူဒါန်း၏။

ပြီးသော် ဆရာဒကာ ရေနံ့ကြာ လိုက်ဖက်ညီညာတင့်တယ်စွာ မှတ်တမ်းရုပ်လွှာ တည်စိမ့်ငှာ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာ အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးလေ၏။

(ဂ)

“ယနေ့ကမ္ဘာကြီးတွင် ပဋိပက္ခမျိုးစုံ၊ ပြစ်မှုမျိုးစုံကျူးလွန်ကြသည်ကို တွေ့မြင်နေရပါသည်။ ဤဒုစရိုက်တရားများ၏ အရင်းခံမှာ လောဘ၊ ဒေါသ၊ မောဟတရားများဖြစ်ပါသည်။ ဤလောဘ၊ ဒေါသ၊ မောဟတရားများကို ပယ်သတ်ကြရမည်ဖြစ်ပြီး ကမ္ဘာကြီးငြိမ်းချမ်းသာယာရေးအတွက် သည်းခံခြင်း၊ ကြင်နာခြင်း၊ ကိုယ်ကျိုးစွန့်လွှတ်ခြင်းစသည့် စိတ်ကောင်း၊ စေတနာကောင်းများ မွေးမြူကြရမည် ဖြစ်ပါသည်”

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးထံမှ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ ပေးပို့သော သဝဏ်လွှာဖြစ်၏။ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဖတ်ကြား၏။

ယင်းသဝဏ်လွှာက ယနေ့ကမ္ဘာကြီး၌ဖြစ်ပွားနေသော အနိဋ္ဌာရုံမျိုးစုံတို့၏ အကြောင်းရင်းကို ထင်ရှားစွာ ဖော်ညွှန်းထားသလို အကြောင်းသတ်နည်းကိုလည်း မီးမောင်းထိုးပြထား၏။

“မြတ်ဗုဒ္ဓ၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးသည် လူသားအားလုံးအတွက် ငြိမ်းချမ်းမှုနှင့် သဟဇာတဖြစ်ရေးတို့ကို ပေးစွမ်းနိုင်သည့် အကောင်းဆုံးသော လမ်းညွှန်ချက်များဖြစ်ပါသည်။ ဤလမ်းညွှန်ချက်များသည် ဗုဒ္ဓဘာသာများအတွက်သာမက လူမျိုးဘာသာ မခွဲခြားဘဲလူသားအားလုံးအတွက် ရည်ညွှန်းသည့် တရားများ ဖြစ်ပါသည်”

မှန်လေစွ။ လောဘ (လိုချင်မှု၊ မတော်မတရားလိုချင်မှု၊ ကိုယ်ကျိုးစီးပွားကိုသာ တစ်ဖက်သတ်မြင်မှု၊ အာဏာအင်ပါယာချဲ့ထွင်မှု)သည်လည်းကောင်း၊ ဒေါသ (အင်အားသုံးမှု၊ ခက်ထန်ကြမ်းတမ်းမှု၊ မုန်းတီးမှု၊ အကြမ်းဖက်မှု) သည်လည်းကောင်း၊ မောဟ (အမှန်မမြင်မှု)သည်လည်းကောင်း ယင်းတရားသုံးမျိုးက ကမ္ဘာ လောကကြီးကို အနိဋ္ဌာရုံပြွမ်းတီးနေအောင် ဖန်တီးလျက်ရှိနေပေရာ မေတ္တာ (လူသားအားလုံးအပေါ်၊ သတ္တဝါ အားလုံးအပေါ် ကိုယ်ချင်းစာ ချစ်ခင်မှု)၊ ကရုဏာ (လူသားအားလုံးအပေါ်၊ သတ္တဝါအားလုံးအပေါ် ငဲ့ညှာစာနာ သနားမှု)၊ မုဒိတာ (အေးချမ်းသာယာ ချမ်းသာကောင်းကျိုးအပေါ် ဝမ်းမြောက်အားပေးမှု)နှင့် ဥပေက္ခာ (အလယ်အလတ်ကျင့်သုံးမှု၊ ဘက်မလိုက်မှု)ဟူသော ဗြဟ္မစိုရ်တရားများဖြင့်သာ ယင်းအနိဋ္ဌာရုံတို့ကို ချုပ်ငြိမ်းစေနိုင်ပါမည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏သဝဏ်လွှာသည် ဗြဟ္မစိုရ်တရားကို ဆောင်ကြဉ်းလျက် ကမ္ဘာအနှံ့ဖြန့်ကြက်စေသောဝိဟု မြန်မာနိုင်ငံသားများက ထပ်ဆင့်ပတ္ထနာပြုနေကြပါကုန်၏။

(ဃ)

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနား၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့၏ ကိုယ်တိုင်မြွက်မိန့်ခွန်းများထဲမှ အထူးအရေးကြီးသောအချက်အလက်များအဖြစ် အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြပါမည်။ ယင်းတို့ကို အတွေးဖတ်နည်းဖြင့် ဖတ်ရှုကြဖို့ဖြစ်ပါ၏။

မြန်မာနိုင်ငံဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ မိန့်ခွန်း ကောက်နုတ်ချက်–

“လူသားတွေရဲ့ လိုအပ်ချက်နှစ်မျိုးအနက် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို သိပ္ပံနဲ့နည်းပညာ တိုးတက်မှုတွေက ဖြည့်ဆည်းပေးနိုင်ပေမယ့် မြတ်ဗုဒ္ဓရဲ့တရားဒေသနာတော်တွေကို ကျင့်ကြံလိုက်နာခြင်းဖြင့်သာ ထိန်းသိမ်းဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။

“လူ့လောကမှာ သည်းခံခြင်း၊ မေတ္တာ ကရုဏာထားခြင်းနဲ့ အရှက်အကြောက်ရှိခြင်းဆိုတဲ့ ကိုယ်ကျင့်တရားတွေ ဆုတ်ယုတ်ကျဆင်းမှု မရှိအောင် တားဆီးပြီး လူသားတွေရဲ့ စိတ်ထားတွေ ဖြူစင်လာကာ ကိုယ်ကျင့်တရားတွေ ဖွံ့ဖြိုးတိုးတက်လာအောင် မြတ်ဗုဒ္ဓရဲ့တရားဒေသနာတော်က ဆောင်ကြဉ်းပေးနေပါတယ်”

“ သိပ္ပံနဲ့နည်းပညာက ရုပ်ပိုင်းဆိုင်ရာ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်မှာ ဗုဒ္ဓဘာသာခေါင်းဆောင်များက ဗုဒ္ဓရဲ့သွန်သင်ဆုံးမမှုများနဲ့အညီ လူသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးကို ထိန်းသိမ်းပြုပြင်ပြီး အေးငြိမ်းချမ်းသာမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ပါလိမ့်မယ်။

“လူတွေမှာ ဖြစ်ပေါ်လေ့ရှိတဲ့ လွန်ကဲတဲ့ လောဘစိတ်၊ ပြင်းထန်တဲ့ ဒေါသစိတ်နဲ့ ကြီးမားထောင်လွှားတဲ့ မာန်မာနစိတ်တွေကို အချိန်နဲ့အမျှ ပြုပြင်ထိန်းချုပ်သွားနိုင်ရန် အရေးတကြီး လိုအပ်နေပြီ ဖြစ်ပါတယ်။ နိုင်ငံတကာနယ်ပယ်မှာ လက်နက်ပြိုင်ဆိုင်မှု၊ အကြမ်းဖက်မှု၊ ဆင်းရဲချမ်းသာကွာဟမှုအရ ကြီးနိုင်ငယ်ညှဉ်းမှုတွေကြောင့် စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်ရာ အဖြစ်ဆိုးများကို ကြုံတွေ့နေကြရပါတယ်။

“ မြတ်ဗုဒ္ဓရဲ့တရားတော်က ပူလောင်နေတဲ့ စိတ်နှလုံးတွေကို အေးချမ်းလာအောင် ကုစားနိုင်ပြီး ကမ္ဘာတစ်ဝန်း အေးချမ်းတဲ့ မေတ္တာဓာတ်နဲ့ သည်းခံခွင့်လွှတ်မှုတို့ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ မထေရ်မြတ်များနဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်များက မြတ်ဗုဒ္ဓတရားတော်များရဲ့ အကူအညီနဲ့ မိမိတို့မှီတင်းနေထိုင်ရာ ကမ္ဘာကြီးကိုရော မိမိအခြေပြုနေထိုင်ရာ နိုင်ငံကိုပါ တည်ငြိမ်အေးချမ်းသာယာမှုနဲ့ ဗြဟ္မစိုရ်တရား ထွန်းကားအောင် မဆုတ်မနစ် ကြိုးပမ်းကြလိမ့်မယ်လို့ မျှော်လင့်အားထားမိပါတယ်”

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ မိန့်ခွန်း ကောက်နုတ်ချက်–

“ဗုဒ္ဓဘာသာသည် အလွန်အကျွံမဖြစ်ခြင်း၊ သည်းခံခြင်းတရားနဲ့ ပြည့်စုံတဲ့ ဘာသာဖြစ်ပါတယ်။ စိတ်ရဲ့ ငြိမ်းချမ်းမှုနဲ့ အတ္တကိုစွန့်လွှတ်မှုများဟာ သီလ၊ သမာဓိ၊ ပညာဖြင့်သာရရှိနိုင်တဲ့ ဗုဒ္ဓဘာသာဝင်အားလုံးတို့ရဲ့ အန္တိမ ရည်မှန်းချက် ဖြစ်ပါတယ်။

“ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များမှာ သီလကို ဆောက်တည်စောင့်ထိန်းရန် အဆုံးအမများ ရှိနေပါတယ်။ ဒါ့အပြင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးကိုလည်းပွားများကြရန် ဖြစ်ပါတယ်”

အထက်၌ ကောက်နုတ်ဖော်ပြ အပ်ပါသော စာစုများသည် ယနေ့ကမ္ဘာကြီး၌ ဒုစရိုက်စိတ်မိုက်၊ စိတ်ရိုင်းတို့ကြောင့် ဖြစ်ပွားနေသည့် အနိဋ္ဌာရုံမျိုးစုံတို့ကို မြတ်ဗုဒ္ဓ၏ဗြဟ္မစိုရ်တရားများ၊ အရှက်အကြောက်ဟူသော လောကပါလတရားများ၊ သီလစသော ကိုယ်ကျင့်သိက္ခာတရားများဖြင့်သာ ဖယ်ရှားချုပ်ငြိမ်းစေနိုင်ကြောင်း ညွှန်ပြထားသည့် အလင်းတိုင်များ ဖြစ်ပါတော့၏။ ယင်းအလင်းတိုင်များ၏ အလင်းကြောင့် အလင်းနှင့်အမှောင်၊ အဖြူနှင့်အမည်း၊ အမှန်နှင့်အမှား၊ အပြုနှင့်အဖျက်တို့ကို ပြက်ပြက်ထင်ထင် မြင်တွေ့ကြကာ ကမ္ဘာ့လူသားအားလုံးအနေဖြင့် အေးချမ်းသာယာအလှကမ္ဘာ ဖြစ်ထွန်းလာရေး မြော်တွေးအားထည့်ကြဖို့ ဖြစ်ပါ၏။

သို့ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၌ ကျင်းပအပ်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးက ဒုစရိုက်မျိုးစုံကမ္ဘာကြီးကို ဗြဟ္မစိုရ်ကမ္ဘာကြီးအဖြစ် သစ်သစ်လွင်လွင် ကြည်လင်အေးမြ အလှလက်လက် အကောင်းဘက်ရွေ့လျားအောင် အားပါးတရ ထောက်မတွန်းရွေ့နေမည်သာဖြစ်ပါသတည်း။ ။

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ချီးမြှင့်ကြသည်။

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အဆိုပါ ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ အကြံပေး ပုဂ္ဂိုလ်များ၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းဆင်း သင်တန်းသားများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲ အပြီးတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့နှင့်အတူ မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ အနုပညာရှင်များက အဆိုအကများဖြင့်လည်းကောင်း၊ မြဝတီအငြိမ့်အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။ (သတင်းစဉ်)

● မြန်မာ့သမဝါယမမှ

တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြပွဲကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ သမဝါယမအသင်းလီမိတက်များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကရင်ရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကျောက်ဆည် ဆင်အကအဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေးအားပေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဆရာစံပလာဇာ အဆောက်အအုံ၌ ခင်းကျင်းစီစဉ်ပြသထားသည့် ပြခန်းများနှင့် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးကြသည်။

ယင်းနောက် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဆရာစံပလာဇာ အဆောက်အအုံ၏ မြေကွက်လပ်၌ ခင်းကျင်းပြသထားသော ပြည်နယ်နှင့် တိုင်းရှိ စက်မှုဇုန်များမှ ထုတ်လုပ်သော မော်တော်ယာဉ်အမျိုးမျိုး၊ ပြိုင်မြင်း (Race House) သုံးဘီး မော်တော်ဆိုင်ကယ်များ၊ လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေး စက်ရုံမှ ထုတ်လုပ်သည့် လယ်ယာလက်တွန်းထွန်စက်များကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

အဆိုပါ မြန်မာ့သမဝါယမ ရာပြည့် အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၅တွင် နိုင်ငံပိုင်အဖွဲ့အစည်းများပြခန်း လေးခန်း၊ သမဝါယမအသင်းများပြခန်း ၈၆ခန်း၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် လုပ်ငန်းရှင်များပြခန်းပေါင်း ၁၅၀ အပါအဝင် ပြခန်းစုစုပေါင်း ၂၅၀ဖြင့် ဇန်နဝါရီ ၁၃ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ည ၉နာရီအတွင်း စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဧည့်သည်တော်များ မြန်မာ့သမဝါယမ ရာပြည့် အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် – ၂၀၀၅ တွင် ခင်းကျင်း ပြသထားသော ပြခန်းများနှင့် အရောင်းဆိုင်များကို ကြည့်ရှုအားပေးစဉ်။ (က–ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

သာကေတ အထက(၁) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၇

သာကေတမြို့နယ် အထက(၁)၏ (၁၉၅၈ မှ ၂၀၀၂) ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သာကေတမြို့နယ် အထက(၁) မြဝတီခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များဖြစ်သော ဦးမောင်ဝင်း (အခြေခံ–၃) ဖုန်း(ရုံး)–၂၁၂၉၆၉၊ လိုင်းခွဲ ၃၀၀၊ (အိမ်)၂၂၆၀၉၈၊ ဦးစိုးသိန်း– (ရုံး) ၃၇၉၆၆၈၊ (အိမ်) ၇၀၇၀၃၂၊ ဦးမင်းဟန် ၅၄၃၂၈၈၊ ဦးထွန်းအောင်(ဂျီအီးစီပညာရေး) ၅၄၉၀၉၀၊ ဒေါ်အေးသန်း (မီဒီ)၅၄၁၄၇၉၊ ဒေါ်စန်းစန်း(စွမ်းအင် သ/မ) (ရုံး)၂၄၁၄၁၇၊ (အိမ်)၅၄၁၃၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၅၃)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် အကောင်းဆုံး သင်တန်းသားဆုရ သင်တန်းသားအမှတ်(၁၁၇)သင်တန်းသားခင်အောင်ကျော်အား ဆုချီးမြှင့်စဉ်။(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် လေ့ကျင့်ရေးထူးချွန်ဆုရ သင်တန်းသား အမှတ်(၁၁၇) သင်တန်းသား ခင်အောင်ကျော်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် စာပေထူးချွန်ဆုရ သင်တန်းသားအမှတ်(၁၁၃) သင်တန်းသား အောင်မြင့်နိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

ဆောင်ပုဒ်နဲ့အညီ စစ်ဘက်ဆိုင်ရာ ဆေးအကာအကွယ်ကို ကြိုးပမ်းထမ်းဆောင်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

တို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်ဖြစ်တယ်။ ရဲဘော်တို့ဟာ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ရင်းတပ်ဖွဲ့တွေနဲ့ လက်တွဲပြီး နိုင်ငံတော်ရဲ့ မြေထု၊ရေထု၊ လေထုပိုင်နက်ကို ကာကွယ်စောင့်ရှောက်နိုင်ကြရမယ်။ တို့တပ်မတော်ဟာ စစ်ကဏ္ဍကြီး(၄)ရပ်နဲ့ သမားရိုးကျစစ်ကို ဆင်နွှဲနိုင်သလို လိုအပ်ရင် ပြောက်ကျားစစ်အပါအဝင် ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးနိုင်တဲ့ တပ်မတော်ဖြစ်တယ်။ဒါကြောင့် စစ်မှုထမ်းတိုင်းဟာ ခြေလျင်တိုက်ခိုက်ရေးကဏ္ဍကို ကျွမ်းကျင်အောင် စီမံဆောင်ရွက်လျက်ရှိတယ်။ ရဲဘော်တို့ဟာလည်း လိုအပ်ရင် ခြေလျင်တိုက်ခိုက်ရေးကဏ္ဍမှာ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ကြရမယ်။ မျိုးချစ်တပ်မတော်သားဆိုတာ နိုင်ငံတော်နဲ့ တပ်မတော်အတွက် ကျရာကဏ္ဍမှာ တာဝန်ကျေပွန်ရမယ်။ ဒါဟာ သစ္စာတရားပဲဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ကို ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်းနဲ့ ခြေလျင်တပ်ရင်းမှူးသင်တန်းတွေကို အဆင့်နဲ့လျော်ညီစွာ ဆက်လက်တက်ရောက်စေမှာဖြစ်တယ်။

ရဲဘော်တို့–

တို့တပ်မတော်သားတွေရဲ့ လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက်ပဲဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တာဝန်ကျရာဒေသမှာ အမျိုးသားနိုင်ငံရေးအမြင်နဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်မှာ အပါအဝင်ဖြစ်တဲ့ ကျေးလက်ပြည်သူတို့ရဲ့ ကျန်းမာရေးကို စိတ်ကောင်း စေတနာကောင်းနဲ့ ပြုစုစောင့်ရှောက်ကြရမယ်။ လူမျိုးတစ်မျိုးအတွက် အရေးကြီးဆုံးဟာ အသက်ရှည်စွာ အနာမဲ့ကြောင်းပဲဖြစ်တယ်။ အသက်ရှည်ကျန်းမာရင် ပညာရည်မြင့်မားမယ်။ တစ်မျိုးသားလုံးရဲ့ ဉာဏ်ရည်မြင့်မားမှုအတိုင်းအတာအလျောက် ခိုင်မြဲမှုရှိတဲ့ ဒီမိုကရေစီနိုင်ငံတော်ဟာ အဆင့်ရှိရှိပေါ်ထွန်းလာမှာဖြစ်တယ်။ လူသားတွေဟာ စည်းကမ်း၊ စည်းမျဉ်း၊ ဥပဒေအသိတရားရှိတာနဲ့အမျှ ဒီမိုကရေစီရဲ့ အနှစ်သာရဟာ မြင့်မားလိမ့်မယ်။ ဒါကြောင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

တို့နိုင်ငံဟာ နယ်ချဲ့ရဲ့ သွေးခွဲအုပ်ချုပ်မှုကို နှစ်ပေါင်းများစွာ ခံစားခဲ့ရတဲ့ နိုင်ငံဖြစ်ခဲ့တဲ့အလျောက် ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်ဟာ တို့နိုင်ငံအပေါ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

မကြာခဏကျရောက်လျက်ရှိတယ်။ တို့နိုင်ငံတော်ရဲ့ တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်ဟာ ရှေးနှစ်ပေါင်းများစွာကစပြီး နေရာတိုင်း၊ ဒေသတိုင်းမှာ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်နဲ့ အတူတကွ နေထိုင်ခဲ့ကြတာဖြစ်တယ်။ ယနေ့ထက်တိုင်အောင်လည်း တိုင်းနဲ့ပြည်နယ်တိုင်းမှာ တိုင်းရင်းသားမျိုးနွယ်အားလုံး စုပေါင်းနေထိုင်လျက်ရှိကြတယ်။ ဒါကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အမျိုးသားညီလာခံကြီးကို ကျင်းပပေးရာမှာ ကိုယ်စားလှယ်တော်ကြီးများဟာ တိုင်းရင်းသားတွေအတွက် ယခင်ကမရရှိဖူးခဲ့တဲ့ အခွင့်အရေးတွေကို တတ်နိုင်သမျှ မျှမျှတတရရှိစေဖို့ အဘက်ဘက်က စဉ်းစားပြီး အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ညှိနှိုင်းတိုင်ပင်ဆွေးနွေး ချမှတ်လျက်ရှိကြတယ်။ ဒီအမျိုးသားညီလာခံကြီးကို အဆိုးမြင်တဲ့လူနည်းစုဟာ နိုင်ငံတော်ရဲ့အခွင့်အရေးထက် မိမိပါတီ၊မိမိအကျိုးကို ဦးစားပေးပြီး ညီလာခံကြီးပျက်စီးရာပျက်စီးကြောင်းအတွက် ကြံစည်ပြောဆိုလုပ်ကိုင်လျက်ရှိကြတယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်နဲ့ ကာကွယ်ရေးအမြင်စတဲ့ အမြင်လေးမြင်နဲ့ ပြည့်စုံအောင်ကြိုးစားပြီး နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုကြီး တစ်ရပ်လုံးနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်ကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့–

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှာ နောင်ဆိုရင် သူနာပြုသိပ္ပံဘွဲ့၊ သာမက ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ပညာသိပ္ပံဘွဲ့

လူမျိုးတစ်မျိုးအတွက် အရေးကြီးဆုံးဟာ အသက်ရှည်စွာ အနာမဲ့ကြောင်းပဲဖြစ်တယ်။ အသက်ရှည် ကျန်းမာရင် ပညာရည်မြင့်မားမယ်။ တစ်မျိုးသားလုံးရဲ့ ဉာဏ်ရည်မြင့်မားမှု အတိုင်းအတာအလျောက် ခိုင်မြဲမှုရှိတဲ့ ဒီမိုကရေစီနိုင်ငံတော်ဟာ အဆင့်ရှိရှိ ပေါ်ထွန်းလာမှာဖြစ်တယ်။ လူသားတွေဟာ စည်းကမ်း၊ စည်းမျဉ်း၊ ဥပဒေအသိတရားရှိတာနဲ့အမျှ ဒီမိုကရေစီရဲ့ အနှစ်သာရဟာ မြင့်မားလိမ့်မယ်။

(ရောဂါရှာဖွေရေးပညာ)၊ ဆေးဘက်ပညာသိပ္ပံဘွဲ့ (ခတ်မှန်ရိုက်ပညာ)၊ ဆေးဘက်ပညာသိပ္ပံဘွဲ့(ကာယကုသပညာ)တွေကိုပါ သင်ကြားလေ့ကျင့်ပေးသွားမှာ ဖြစ်တယ်။

ထို့အတူပဲ ထူးချွန်ထက်မြက်သူတွေဟာ ပြည်တွင်း၊ ပြည်ပ ဘွဲ့လွန်သင်တန်းတွေကို တက်ရောက်ခွင့်ရရှိကြမှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ကမ္ဘာ့သူနာပြုလောကမှာပါ ထူးချွန်ထင်ရှားတဲ့ သူနာပြုကောင်းတွေဖြစ်အောင် ကြိုးစားကြဖို့လိုတယ်။

ရဲဘော်တို့–

ရဲဘော်တို့ဟာ တပ်မတော်သား သူနာပြုများဖြစ်တာနဲ့အညီ တပ်မတော်ရဲ့ မွန်မြတ်တဲ့ အစဉ်အလာ(၁၂)ရပ်ကို ဆက်လက်သယ်ပိုးထမ်းဆောင်ခြင်းအားဖြင့် တပ်မတော်ဂုဏ်ရည်ကို စောင့်ထိန်းကြရမယ်။ တို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်ဖြစ်တယ်။ ပြည်သူကြားက ပေါက်ဖွားလာကြသူတွေဖြစ်တယ်။ ပြည်သူအတွက် စွန့်လွှတ်စွန့်စားလိုစိတ်ရှိသူတွေဖြစ်တယ်။ တစ်ဦးချင်းကိုယ်ကျိုးနဲ့ ပတ်သက်လာရင် လစာ၊ ရိက္ခာပင်လျှင် ရချင်မှရပါစေ အပင်ပန်းအဆင်းရဲခံပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြမယ့်သူတွေဖြစ်တယ်။ ဒါမှသာ ရဲဘော်တို့ဟာ မွန်မြတ်တဲ့ တပ်မတော်သားကောင်းဘဝကို ရရှိမှာဖြစ်တယ်။

ရဲဘော်တို့–

ရဲဘော်တို့ဟာ တပ်မတော်သားတွေအတွက် ရောဂါတားဆီးကာကွယ်ရေး၊ ရောဂါနှိမ်နင်းရေး၊ ကျန်းမာမှုမြှင့်တင်ရေး၊ ပြုစုကုသရေးနဲ့ လူနာများ ပြန်လည်ထူထောင်ရေးအထိ မွန်မြတ်ပြီး စံပြုထိုက်တဲ့သူနာပြုများဖြစ်ကြသလို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက်လည်း အထောက်အကူပြုနိုင်ကြသူတွေ ဖြစ်ရမှာဖြစ်တယ်။

အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းမှာ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ မိသားစုတစ်စုချင်းမှသည် ဒေသအလိုက် တိုင်းရင်းသားပြည်သူတွေရဲ့ ကျန်းမာရေးကိစ္စအဝဝကို ဆင်ခြင်သုံးသပ်နိုင်ရမယ်။ ဒါမှသာ ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုအတတ်ပညာကို ရရှိလာမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

နိဂုံးအားဖြင့်မှာကြားရရင်–

- **နိုင်ငံတော်မူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုစိတ်ဓာတ်နဲ့ ကာကွယ်စောင့်ရှောက်ကြပါ။**
- **တပ်မတော်ရဲ့ မွန်မြတ်တဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်းအမွေအဖြစ် ဆက်လက် သယ်ပိုးထမ်းဆောင်ကြပါ။**
- **လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝတဲ့ မွန်မြတ်သော သူနာပြုများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါ။**
- **"ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်"ဆိုတဲ့ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့ဆောင်ပုဒ်ကို ထူးခြားထက်မြက်စွာ ဖော်ဆောင်ကြပါ။**
- **ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နဲ့အညီ ပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်ခြင်းအားဖြင့် ပြည်သူကို အလုပ်အကျွေးပြုတဲ့ ပြည်သူ့သားကောင်းဘဝကို ခံယူကြပါ။**
- **စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူနဲ့အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ကြပါ**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

✪ ကျောဖုံးမှ

ထို့နောက် သင်တန်းတပ်ခွဲများက ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်း အမှတ်စဉ်(၂)မှ အကောင်းဆုံး သင်တန်းသားဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား အမှတ်(၁၁၇) သင်တန်းသား ခင်အောင်ကျော်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသား အမှတ်(၁၁၃) သင်တန်းသား အောင်မြင့်နိုင်တို့အား ဆုများ အသီးသီးချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိန့်ခွန်းပြောကြားသည်။ **(ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ မိန့်ခွန်းကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

အားပေးစကားပြောကြား

စစ်ရေးပြ အခမ်းအနားအပြီးတွင် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၂)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား နှစ်ဦးနှင့် ယင်းတို့၏မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။ (သတင်းစဉ်)



အားပေးစကား ပြောကြား

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ထူးချွန်ဆုရ သင်တန်းသားနှစ်ဦးနှင့် ၎င်းတို့၏ မိဘများအား တပ်မတော် ဆေးတက္ကသိုလ် ပင်မစာသင်ဆောင် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈–၁–၂၀၀၅ (စနေနေ့)
၁၃၆၆ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၃)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၅ ၆။ တေးဂီတအစီအစဉ်
- ၈:၁၅ ၇။ ဖြူးချောင်းတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁:၀၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာချစ်ပန်း"(အပိုင်း–၅၈) (ဇာတ်သိမ်းပိုင်း)**
- ၁:၄၀ ၇။ စက်မှုဖွံ့ဖြိုးတိုးတက်ရေး သုတေသနပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ
- ၁:၅၀ ၈။ **"ဒဟတ်ပန်းတစ်ခိုင်" (မင်းမော်ကွန်း၊ မြသဥ္ဇာလီ) (ဒါရိုက်တာ–မောင်မောင်ဇော်ဝင်း)**
- ၂:၀၀ ၉။ **မြန်မာ့တကောင်း ပျူတကောင်း (ကိုကျော်ဆွေ၊မလှိုင်သန်းထွန်း) (ဣန္ဒာဆွေ သီကုံးဖွဲ့နွဲ့သည်။)**
- ၂:၁၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၃၀ ၁၁။ လဂွမ်းပြင်ရေလှောင်တမံ
- ၂:၄၅ ၁၂။ International News.
- ၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
- ၅:၀၅ ၆။ တေးဂီတအစီအစဉ်
- ၅:၂၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၃၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅:၅၀ ၉။ ရုပ်မြင်ရသ တေးစုကဏ္ဍာ
- ၆:၁၅ ၁၀။ ဒုတိယနှစ် ဒေသအလိုက်၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့များအကြောင်း သိကောင်းစရာ
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်" (အပိုင်း–၄၅)**
- ၇:၃၅ ၁၄။ **အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ နိုင်မာစေမှု ဒို့ရေးရှု "ဆည်မြောင်းတမံ ပြည့်အားမာန်" (အပိုင်း–၁)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း–၇)**
- ၁၉။ **Tiger Cup ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) (ပထမပွဲစဉ်) (အင်ဒိုနီးရှားနှင့် စင်ကာပူ)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

✪ (၅၇)နှစ်မြောက်မှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဆီးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘာရှားအယ်လ်အာဆတ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အချိန်အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံ ဆီးရီးယားပြည်သူများ၏ကိုယ်စား မိမိကဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့နှုတ်ခွန်းဆက်သလိုက်ပါကြောင်း၊ အဆွေတော်၏ ကျန်းမာရေး၊ စိတ်ချမ်းမြေ့ပျော်ရွှင်ရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မြန်မာပြည်သူများ၏ဘဝ တိုးတက်ကြွယ်ဝစေရန် ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်း သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

အစ္စရေး

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အစ္စရေးနိုင်ငံသမ္မတ မစ္စတာမိုရှေးကပ်ဆပ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဝမ်းမြောက်ဂုဏ်ယူကာ နှုတ်ခွန်းဆက်သလိုက်ပါကြောင်း၊ အဆွေတော်၏ ကျန်းမာ၊ ပျော်ရွှင်ရေးနှင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ တိုးတက်ကြီးပွား ချမ်းသာကြစေကြောင်း ဆုမွန်ကောင်းများ ပို့သလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

ရုရှား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ရုရှားနှင့် မြန်မာနိုင်ငံတို့၏ ရင်းနှီးချစ်ကြည်သော ဆက်ဆံရေး ခိုင်မာတိုးတက်လာမည်ဟု မိမိယုံကြည်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး မြင့်မားလာခြင်းဖြင့် မိမိတို့၏ပြည်သူများ အကျိုးကျေးဇူးရရှိလာမည်ဟု မျှော်လင့်ကြောင်း။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေရန်နှင့် မြန်မာပြည်သူတစ်ရပ်လုံး ကြွယ်ဝချမ်းသာရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ဘူဂေးရီးယား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘူဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂေါ်ဂီပါဗန်နော့ဗ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ဘူဂေးရီးယား ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မြန်မာပြည်သူများ တိုးတက်အောင်မြင်မှုများ ရရှိစေရန် မေတ္တာပို့သအပ်ပါကြောင်း ဖော်ပြထားသည်။ (ကြေးမုံ)

ရောဝတီတိုင်း ကျောင်းသားအားကစားပြိုင်ပွဲဖွင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်မိန့်ခွန်းပြောကြား

ရန်ကုန် ဇန်နဝါရီ ၇

၂၀၀၄ခုနှစ် ရောဝတီတိုင်း ကျောင်းသားအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ရက် မွန်းလွဲ ၂နာရီက ပုသိမ်မြို့ တိုင်းအားကစားကွင်းတွင် ကျင်းပရာ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ထို့နောက် တိုင်းပညာရေးမှူး ဦးမောင်မောင်က ချီတက်လှုပ်ရှားမှုထူးချွန်ဆုများပေးအပ်ပြီး အားကစားသမားများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့်ချီတက်အလေးပြုကြသည်။

ဆက်လက်၍ အခြေခံပညာကျောင်းသူများက ပန်းဖွားအက၊ စုပေါင်းညီညာပန်းပဒေသာသက်ရှိသရုပ်ဖော်ပုံသဏ္ဌာန်ဖြင့် စုပေါင်းကာယလေ့ကျင့်မှု၊ အေရိုးဗစ်လေ့ကျင့်ခန်းသရုပ်ပြခြင်းများဖြင့် စွမ်းရည်ပြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၀)နှစ်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် ပုသိမ်မြို့နယ်အသင်းနှင့် ဟင်္သာတမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါရောဝတီတိုင်း ကျောင်းသားအားကစားပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ပိုက်ကျော်ခြင်း၊ တင်းနစ်၊ အေရိုးဗစ်၊ ပြေးခုန်ပစ်နှင့် စားပွဲတင်တင်းနစ်အားကစားနည်းများကို ရောဝတီတိုင်း ၂၆မြို့နယ်မှ ကျောင်းသူ၊ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်ကြသည်။ (ရောဝတီတိုင်း)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်း ပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီဝင်များနှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများက (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ပြပွဲအတွက် ဆောင်ရွက်ထားရှိသော ပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြခန်းများတွင် ခင်းကျင်းပြသသွားမည့် ပြကွက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာများနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များက ဝန်ကြီးဌာနအလိုက် ပြခန်းများနှင့် ခရိုင်လေးခရိုင်တို့၌ သက်ဆိုင်ရာ ခရိုင်အလိုက်ပြခန်းများ ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ပြန်ကြားရေး ဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်း ပြသရေးဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁-၁-၂၀၀၅)ရက်မှ (၂၇-၁-၂၀၀၅)ရက်အထိ

MICT Park ၊ ရန်ကုန်မြို့

အထက(၁) ရန်ကင်းကျောင်းသားဟောင်းများ သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

အထက(၁)ရန်ကင်း (၁၉၆၂-၇၅) ပညာသင်နှစ်ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁နာရီက သီရိရတနာခန်းမ၌ ကျင်းပရာ မြတ်ဆရာပူဇော်ပွဲကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးတင်မောင်အေး(ငြိမ်း)က အမှာစကား ပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး ဦးအောင်ချိုက ငွေစာရင်းရှင်းတမ်းများဖတ်ကြားပြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်စန်း(ငြိမ်း)နှင့် ဦးမြင့်ဦး (ပဲခူးစတား ဟိုတယ်)တို့က ကျေးဇူးတင်စကားပြောကြားကြကာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာ၊ ဆရာမများအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ဆရာ၊ဆရာမများကိုယ်စား ဆရာကြီးဦးခင်မောင်ရင်နှင့် ဆရာမ ဒေါ်သန်းထွေးတို့က ဆုံးမသြဝါဒစကား ပြောကြားကြသည်။ (က-ပ)

သုံးခွမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် ဇန်ဝါရီ ၇

၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော သုံးခွမြို့နယ်အသင်းဝင်များ၏ သားသမီးများအား သုံးခွမြို့နယ်အသင်း အမှုဆောင်အဖွဲ့က ဂုဏ်ပြုဆု ပေးအပ်မည်ဖြစ်ရာ သုံးခွမြို့နယ်အသင်း အမှုဆောင်များထံသို့ လည်းကောင်း၊ ဦးစောလှိုင် (လှကမ္ဘာ ပရိဘောဂတိုက်) ဖုန်း-၂၉၁၄၇၄၊ ၂၉၁၃၁၁ သို့ လည်းကောင်း ဇန်နဝါရီ ၁၆ရက် နောက်ဆုံးထား၍ စာရင်းပေးကြရန်ဖြစ်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၁-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် တေဝိဇ္ဇသုတ်**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန် ဂီတသံ
၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -ဇာတကသင်ခန်းစာများ -အရှေ့တိုင်းပညာအထူးပြု
၅:၃၀ ၉။ ကြည့်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သပွတ်အူပမာ" (အပိုင်း-၁၉)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နဲ့ရန်နိုင်ဓား" (အပိုင်း-၃၅)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ပဋ္ဌာန်း ပစ္စယနိဒ္ဒေသသင်တန်း ပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၇

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ၏ ဩဝါဒဖြင့် အဘိဓမ္မာအခြေခံရှိ ပြီးသူများအတွက် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ သင်တန်းကို ဇန်နဝါရီ၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် စတင်ဖွင့်လှစ်၍ အဘိဓမ္မာဆရာမကြီး ဒေါ်တင်ရီက သင်ကြားပို့ချမည်ဖြစ်သည်။ (၂၃)

ဇန်နဝါရီ ၅ရက်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကွင်းဆင်းလေ့လာရေးအဖွဲ့ဝင်များ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့–အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး စားပွဲဝိုင်းအဖွဲ့များခွဲ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၃) အမှတ်(၁၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၁၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါ ဂျာနယ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ တက်ရောက်သည့်သတင်း၊ တက္ကသိုလ်မြတ်သူ၊ ကျော်ဇင်ညွှန့် (တရားရုံးချုပ်ရှေ့နေ)၊ စန်းနီလာဝင်း၊ မောင်ပညာကျော်၊ ကြည်လင်း(ဆေး)၊ ညွှန့်ဟံ(ကြူတော)၊ ဦးလှမင်း(ဗဝတ)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)တို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာ ဖော်ပြပါရှိသည်။ (က–ပ)

ဒလညောင်ကုန်းဖိတ်ခေါ်ဘောလုံးပွဲ ယူနိုက်တက်အသင်းအနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၇

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဒလမြို့နယ် ညောင်ကုန်းရပ်ကွက် ဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ရာဇသင်္ကြန်သောက်ရေကန်ကြီး၏အနီး ဘောလုံးကွင်းတွင် ဇန်နဝါရီ ၄ရက်ကကျင်းပရာ ယူနိုက်တက်အသင်းက ရွှေမြန်မာအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ ဆုဖလားကို ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းလှက အနိုင်ရသွားသော ယူနိုက်တက်အသင်း**(အောက်ပုံ)**အားပေးအပ်သည်။ ဒုတိယဆုကို ရွှေမြန်မာ၊ တတိယဆုကို ကောင်းသန့်နှင့် အသန့်ရှင်းဆုံးအသင်းဆုကို ခေတ်သစ်ဘောလုံးအသင်းတို့ရရှိသည်။ (က–ပ)

သစ်တောပညာရှင်အဖွဲ့ သုတေသနနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးပညာရှင်အဖွဲ့၏ သစ်တောပညာရှင်အဖွဲ့ ပဉ္စမနှစ်ပတ်လည် သုတေသနနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းတည့်၁၂နာရီတွင် သစ်တောဦးစီးဌာနရုံးချုပ် တော်ဝင်ခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။

သစ်တောပညာရှင်အဖွဲ့ သုတေသနဆွေးနွေးပွဲကို ဇန်နဝါရီ ၈ရက်အထိ ကျင်းပမည်ဖြစ်ပြီး သစ်တောစီမံအုပ်ချုပ်ခြင်းဆိုင်ရာ စာတမ်းသုံးစောင်၊ သစ်တောပြုစု ထိန်းသိမ်းခြင်းဆိုင်ရာ စာတမ်းသုံးစောင်၊ မြေဆီလွှာသုတေသနပြုချက်စာတမ်းတစ်စောင်၊ အဝေးမှရှုစမ်းလေ့လာခြင်းနှင့် ပထဝီသတင်းအချက်အလက်စနစ် ဆိုင်ရာစာတမ်းတစ်စောင်၊ သစ်ပါးလွှာထုတ်လုပ်ခြင်း စာတမ်းတစ်စောင် စုစုပေါင်း စာတမ်း ၁၂စောင်ကို သုတေသီများက ဖတ်ကြားကြမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ စံပယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ထူးထူးအောင်၊ ကျန်းမာရေးလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်သန်းဦးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသူလေးများတက်ရောက်ကြသည်။

ဟောပြောပွဲတွင် ကျန်းမာရေးဦးစီးဌာန ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမင်းသွယ်က “အေအိုင်ဒီအက်စ် အကြောင်း သိကောင်းစရာ”ကိုလည်းကောင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးဗဟိုအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ အေးမြတ်လွင်က “HIV/AIDS တားဆီးကာကွယ်ရေးနှင့် အမျိုးသမီးများကဏ္ဍ” အကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် “လောကရဲ့ အလှရတနာ” အေအိုင်ဒီအက်စ် ပညာပေးဗီဒီယိုဇာတ်လမ်းကို ဗီဒီယိုဆလိုက်ဖြင့်ပြသပြီး ဟောပြောသူများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ထူးထူးအောင်က ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်သည်။ အဆိုပါကျောင်း၌ “အေအိုင်ဒီအက်စ် ကင်းစင်ဖို့ အမျိုးသမီးများဘဝ မြှင့်တင်စို့” ပညာပေးပြခန်းငယ်ကိုလည်း ခင်းကျင်းပြသထားသည်။ (သတင်းစဉ်)

ပထမအကြိမ် အဲယားပုဂံ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

MYANMAR PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက် အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd က အဓိက ကူညီပံ့ပိုးမည့် ၂၀၀၅ခုနှစ် ပထမအကြိမ် Air Bagan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၀ရက်မှ ၂၃ရက်ထိ မန္တလေးတိုင်း ညောင်ဦးမြို့ရှိ ပုဂံဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional Golfers အတန်းပြိုင်ပွဲနှင့် အပျော်တမ်း Handicap (ဝမှ၁၂) အချက်အထိရှိသူများ အတန်းပြိုင်ပွဲဟူ၍ နှစ်မျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဂေါက်သီးရိုက် အားကစားသမားများအတွက် ရန်ကုန်မြို့မှ ပုဂံဂေါက်ကွင်းသို့ သွားလာရေးနှင့် နေထိုင်ရေးများအတွက် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်ထားရာ ပြိုင်ပွဲဝင်မည့် ဂေါက်သီးရိုက် အားကစားသမားများသည် ဇန်နဝါရီ ၁၈ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ပုဂံဂေါက်ကွင်း ပြိုင်ပွဲရုံးခန်းမသို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အောင်ပွဲရဂေါက်သီးရိုက် အားကစားသမားများအား ဆုကြေးများနှင့် ဆုပစ္စည်းများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ပထမအကြိမ် Air Bagan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

အထက(၁) မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

အထက(၁) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ ၁၅ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ၊ ဆရာမများကို ဖိတ်စာများပေးပို့လျက်ရှိကြောင်းနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများသည် ဦးချိုအေး၊ ဦးအေးကို ဖုန်း–၆၉၉၅၁၁၊ ၆၉၉၅၁၈၊ ဦးအောင်ကြည်မြင့် ဖုန်း–၆၉၉၁၂၃၊ ၂၅၆၃၉၉၊ ဦးတင်ထွန်း ဖုန်း – ၆၉၉၃၉၃၊ ဦးကျော်ဆန်းထွန်း ဖုန်း–၇၀၀၁၆၄၊ ဦးဆုတင် ဖုန်း–၃၇၁၂၇၇၊ ၃၈၀၄၉၉၊ ဒေါ်ခင်မကြီး ဖုန်း–၆၉၉၉၃၉တို့နှင့် ဆက်သွယ်၍ အလှူငွေများ ထည့်ဝင်နိုင်ကြပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး သတင်းလွှာများကိုလည်း ရယူနိုင်သည်။ (က–ပ)

ဘူမိကျောင်းသား၊ကျောင်းသူများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘူမိဗေဒအဓိကဖြင့် (၁၉၇၃၊ ၇၄၊ ၇၅) ခုနှစ်များတွင် ဘွဲ့ရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကမာရွတ်မြို့နယ် စိန်ရတုခန်းမတွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေများ လှူဒါန်းလိုပါက ဦးကိုကြီး(၇၃) ဖုန်း–၆၆၄၄၂၄၊ ဦးကျော်စိုးအောင်(၇၃) ဖုန်း– ၀၉ ၉၉–၂၃၂၀၆၊ ဦးမြင့်သိန်းတင်(၇၃) ဖုန်း–၀၉ ၅၀–၀၉၆၄၂၊ ဦးစိုးမြင့်အောင် (၇၄) ဖုန်း–၀၉ ၈၀–၃၂၃၇၉၊ ဦးအောင် ကျော်သန်း (၇၄) ဖုန်း–၀၉ ၅၀– ၀၈၇၇၄၊ ဦးအောင်ကျော်ခိုင်(၇၄) ဖုန်း–၀၉ ၅၀–၁၂၈၆၈၊ ဦးစိုးကြင်(၇၅)–ဒေါ်ခင်မမ (၇၅) ဖုန်း–၀၉ ၅၀–၁၁၂၃၃၊ ဦးဉာဏ်ဝင်း(၇၅) ဖုန်း–၅၄၁၅၆၉၊ ၀၉ ၅၀–၀၈၀၀၈နှင့် ဒေါ်စန်းစန်းဝင်း(၇၅) ဖုန်း–၆၈၃၃၆၈တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

သားသမီးအပေါ်မေတ္တာထား

ပိုလီယိုကာကွယ်ဆေးဖြင့်ရောဂါတား

“ဒုတိယနှစ် ဒေသအလိုက်အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ”

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက် (တနင်္ဂနွေနေ့)

(ပထမအကြိမ်)

၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက် (တနင်္ဂနွေနေ့)

(ဒုတိယအကြိမ်)

(ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်မှ မြို့နယ် ၂၀ မြို့နယ်)

အသက် ၅နှစ်အောက် ကလေးငယ်များအားလုံး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြစို့။

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဇန်နဝါရီ ၇

၂၀၀၅ခုနှစ် ဇန်နဝါရီ ၆ရက် မြန်မာစံတော်ချိန် ၂၀နာရီ ၅၁မိနစ် ၂၆စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်း၏ မြောက်ဘက် မိုင်၂၄၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလအတွက်

(၉–၁–၂၀၀၅) ရက်နေ့

နှင့်

(၃၀–၁–၂၀၀၅) ရက်နေ့

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Machinery & Equipment Import & Export Corporation, International Engineering Co., Ltd. (CMEC-IEC) မှ Vice President Mr. Ding နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (စက်မှု-၁)

ဝန်ကြီး ဦးအောင်သောင်းအား တရုတ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Machinery & Equipment Import & Export Corporation - International Engineering Co. Ltd. (CMEC-IEC)မှ Vice President Mr. Ding နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၆ ရက် နံနက် ၁၁ နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ သွားရောက် တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့နယ် အလုံလမ်းရှိ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း နာယက၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်စောဝင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း)နှင့် ဗဟိုအလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အတည်ပြု

ရှေးဦးစွာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း နာယက၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်နှင့် ရတနာရွှေဆိုင်) က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြရာ တက်ရောက်လာကြသည့် အသင်းဝင်များက အတည်ပြုကြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က အသစ်ရွေးချယ် တင်မြှောက်ခြင်းခံရသော မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း)၊ အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်နှင့် ရတနာရွှေဆိုင်) တို့ ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင် ၁၆ ဦးနှင့် အလုပ်အမှုဆောင် ၁၄ ဦး တို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။ ယင်းနောက် အသင်းဥက္ကဋ္ဌ ဦးသူတော်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အသင်းသားစုံညီအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သြဝါဒခံယူပွဲနှင့် အဓိဋ္ဌာန်တရားစခန်း ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ လက်ယက်စမ်းရွာ သာသနာပြုစမ်းရေအိုင် ဆရာတော် ဘဒ္ဒန္တဉာဏသာမိ၏ စမ်းရေအိုင်ဘေးမဲ့တောရကမ္မဋ္ဌာန်းကျောင်းတွင် ၁၃၆၆ ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ ရက်မှ ပြာသိုလဆန်း ၆ ရက်အထိ ဝိပဿနာ တရားနည်းပြ မဟာဓမ္မကထိကနှင့် ပင်မဗုဒ္ဓဝါဒီ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကဖြစ်တော်မူသော နိုင်ငံတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒုတိယသာသနာပိုင်၏ သြဝါဒခံယူပွဲနှင့် အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းပွဲကို စမ်းရေအိုင် ဘေးမဲ့တောရကမ္မဋ္ဌာန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အဓိဋ္ဌာန် တရားစခန်းနှင့် သစ္စာလေးပါး တရားတော်များအား နာကြားမည်ဖြစ်ရာ အဓိဋ္ဌာန်တရားစခန်းဝင်လိုသူများ အိပ်ရာ၊ ခြင်ထောင်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ယူဆောင်လာကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

ဂုဏ်ပြုဆုချီးမြှင့်

သန်လျင် အထက(၂) ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၄ ရက်က ရတနာခန်းမ၌ ကျင်းပရာ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ လေးဘာသာဂုဏ်ထူးရရှိသူ မောင်ငြိမ်းချမ်းသက်တင်အား ကျောင်းအုပ်ဆရာကြီးဦးစိုးမြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)

မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိဂ်လမ်း ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၂၇၆)တွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ ကန်တော်ရပ်ကွက် ဝိဇ္ဇာလင်္ကာရကျောင်းတိုက်မှ ဦးဝိသိဋ္ဌဉာဏ အရှင်သူမြတ်နှင့် ရိပ်သာ ပဓာန နာယက ဆရာတော် ဦးပုည (ဓမ္မကထိက) အရှင်သူမြတ်တို့က ပဋိစ္စသမုပ္ပါဒ်တရား၊သစ္စာတရား၊ ခန္ဓာဉာဏ်ရောက် တရားများကို (၁၃၆၆ခု ပြာသိုလဆန်း ၁၄ ရက်မှ ပြာသိုလပြည့်ကျော် ၅ ရက်) အထိ ဇန်နဝါရီ ၂၃ ရက်မှ ဇန်နဝါရီ ၂၉ ရက် အထိ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရှင် ၅၀၄ ပါးအား သင်္ကန်းကပ်လှူပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၇

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဇန်နဝါရီ ၁ ရက်တွင် တောင်သာမြို့နယ် ကျောက်ကာရွာ မဟာဗောဓိကျောင်းတိုက်၌ ကျင်းပသည့် ရှင် ၅၀၄ပါးအား သင်္ကန်းကပ်လှူပွဲသို့ တက်ရောက်ကြည်ညိုသည်။

ဖူးမြော်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျလင်္ကာရ ပရိယတ္တိကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိ၊ ဇေယျသုခ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏနှင့် ပခုက္ကူတိုက်သစ်ကျောင်း ကိုးဆောင်တိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလသာမိဘိဝံသတို့အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပခုက္ကူမြို့ သာသနာတော် ထွန်းကားပြန့်ပွားရေး ဗုဒ္ဓဘာသာသင်တန်းကျောင်းသို့ ရောက်ရှိပြီး အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားသည်။

ဇန်နဝါရီ ၂ ရက်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တ ဝိစာရနှင့် နိုင်ငံတော် သြဝါဒါစရိယ မဟာဝိဇယာရာမပါဠိတက္ကသိုလ် အရှေ့တိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တ မာလာလင်္ကာရတို့အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးသည် ရေစကြိုမြို့သို့ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ အသင်းဝင်များနှင့် ရင်းရင်းနှီးနှီးဆွေးနွေးသည်။ ဆက်လက်၍ အောင်မြေသာယာသုဓေ္ဓးကျောင်းတိုက် ဆရာတော် ဦးဝိမလ (အဂ္ဂမဟာပဏ္ဍိတ) အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် ရေစကြိုမြို့နယ် ဆင်ချောင်းကျေးရွာ ပံ့သကူဘုန်းတော်ကြီးကျောင်းဝင်း အတွင်း၌ ကျေးရွာပြည်သူများ၊ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် ပံ့သကူ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ နန္ဒိယအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပခုက္ကူမြို့သို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

လျှောက်ထား

ဝန်ကြီးသည် ဇန်နဝါရီ ၃ ရက်တွင် ရေစကြိုမြို့နယ် ဆင်ချောင်း ကျေးရွာအုပ်စု စည်သာဥတ္တရာရာမ အသောကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကဝိဓဇ၊ ကုန်းတလင်းကျေးရွာ သာသနာ့ရောင်ခြည်ဦး ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သောဘန၊ ချောင်းဖျားကျေးရွာအုပ်စု စက်တော်ရာကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒိမာ၊ ဆင်ချောင်းရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တ ပညာဇောတတို့အား လှူဖွယ်ပစ္စည်းများဆက်ကပ်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဝန်ကြီးသည် ရွာသစ်ဘုန်းကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ ဓမ္မသေနအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။(သတင်းစဉ်)

အထက(၁) ဒဂုံမိဘဆရာ ကျောင်းသားပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ဆဋ္ဌမတန်း(စီ) မှ ဆုရရှိသူ မအင်ကြင်းမွန် ဆုလက်ခံရယူစဉ်။ (က-ပ)

ဟောပြောသရုပ်ပြ

ရန်ကုန် ဇန်နဝါရီ ၇

၂၀၀၅ ခုနှစ် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းများအား တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟောပြော ဆွေးနွေးသရုပ်ပြပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၁၁ နာရီတွင် ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း (ရုံးချုပ်) အသံခန်းမ၌ ကျင်းပရာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်က မီးဘေးကြိုတင် ကာကွယ်ရေးနှင့် ပတ်သက်၍ ပဏာမရှင်းလင်း ပြောကြားသည်။

ထို့နောက် တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ရဲသူရိန်နိုင်ဦးက မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုက်နာရန်နှင့် ဆောင်ရွက်ရန်များကို ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြသကြကာ သရုပ်ပြသ ရှင်းလင်းပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဆွမ်းကြီးလောင်းလှူပွဲနှင့် စာရေးတံမဲ

ရန်ကုန် ဇန်နဝါရီ ၇

အလုံမြို့နယ်လုံးဆိုင်ရာဗုဒ္ဓသာသနာနုဂ္ဂဟ ဆွမ်းလောင်းအသင်းက ကြီးမှူး၍ ဇန်နဝါရီ ၁၀ ရက်တွင် (၇၈)ကြိမ်မြောက် ဆွမ်းကြီးလောင်းပွဲ အခမ်းအနားကို ဝေဘာဂီလမ်းနှင့် သစ်တောလမ်းထောင့် မုခ်ဦးတွင် ကျင်းပပြီး ဇန်နဝါရီ ၁၁၊ ၁၂၊ ၁၃ ရက်ညများတွင် ညစဉ် ၇ နာရီမှစ၍ အရှင်ကောသလ္လ (မုဒုံဆရာတော်)၊ ဓမ္မဒူတအရှင်ဆေကိန္ဒနှင့် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ ဇန်နဝါရီ ၁၅ ရက်ညနေ၄နာရီမှစ၍လမ်းအလိုက် ဆွမ်းလောင်းအသင်း မဏ္ဍပ်များက စတုဒိသာကျွေးမွေးလှူဒါန်းပြီး ဇန်နဝါရီ ၁၆ ရက် နံနက် ၇ နာရီတွင် မြတ်စွာဘုရား အမှူးထား၍ လမ်းအလိုက် ပဒေသာပင်များ လှည့်လည် အပူဇော်ခံကာ ယင်းနေ့ ညနေ ၃ နာရီတွင် မြတ်စွာဘုရားနှင့် ပင့်သံဃာ ၁၀၈ ပါးတို့အား လမ်းအလိုက်မဏ္ဍပ် ၁၅ ခုတို့တွင် စာရေးတံမဲများ လှူဒါန်းပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

မြစ်သား ဇန်နဝါရီ ၃

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ပြီးစီးခဲ့သော မိုင်းမော-အောင်ချမ်းသာ ကျေးလက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို အဆိုပါ မုခ်ဦး၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စိုးက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် အမှုဆောင်အရာရှိ ဦးကျော်(ချ်)မျိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျေးလက်ကျောက်ချောလမ်းသည် အရှည်ပေ ၃၅၆၀၊ အကျယ် ၁၂ ပေ ရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ကျပ် ၅၇၅၀၀၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။ **(နယ်စပ်စည်ပင်)**

နိုဝင်ဘာ ၂၅ရက်က ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ကြီးအောင်ရပ်ကွက် လဂွန်းအိမ်လမ်း ကတ္တရာလမ်းခင်းရန်အမာခံကျောက်ချောလမ်းခင်းခြင်းကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က-ပ)

ကျေးလက်အိမ်ရာ

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် အဖွဲ့ နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ဆောက်လုပ်ပေးသည့် ကျေးလက်အိမ်ရာကို ဒီဇင်ဘာ ၂၀ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

အလှူရှင် စက်ရေတွင်းဖွင့်ပွဲကျင်းပ

နွားထိုးကြီး ဇန်နဝါရီ ၃

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နွားထိုးကြီးမြို့နယ် သင်းတပေါ် (တောင်) ကျေးရွာမှ အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက်က အဆိုပါ စက်ရေတွင်း အနီးတွင် ကျင်းပရာ စက်ရေတွင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ တူးဖော်ပေးခဲ့ပြီး ရေထွက်နှုန်း တစ်နာရီ ဂါလန် ၈၅၀ ထွက်ရှိပြီး ကျေးရွာပြည်သူများအတွက် ရေလုံလောက်စွာ ပေးဝေနိုင်ကြောင်း သိရသည်။ **(နယ်စပ်စည်ပင်)**

ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်

ဖျာပုံ ဒီဇင်ဘာ ၃၁

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပေါ်ရှိ ရပ်ကွက်များသို့ ကန်တော်ကြီး ရေကန်မှရေပေးဝေရေး လုပ်ငန်းကို အပိုင်းလိုက် ဆောင်ရွက်လျက်ရှိရာ အပိုင်း(က)အဖြစ် ၁၂/၁၇နှင့် ၁၈ရပ်ကွက်များတွင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိုက်ကရိုဝေ့ဖ်ရုံးရှေ့ဂေါက်ကွင်းလမ်း၊ လမ်းဆုံလမ်း ဖြတ်နေရာတွင် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ပြီးစီးရေးအတွက် ရပ်ကွက်အလိုက် ပြည်သူများက စုပေါင်းဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းကြည့်ရှု

ရေပိုက်လိုင်း သွယ်တန်းသည့် လုပ်ငန်းများကို ဒီဇင်ဘာ ၂၂ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ အင်ဂျင်နီယာမှူးဦးဇော်ထွန်းနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အမှုဆောင်ဦးဝင်းမြင့်၊ ဦးစိုးမိုးအောင်တို့ ကွင်းဆင်းကြည့်ရှုအားပေးကြကြောင်းသိရသည်။ **(၁၈၃)**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး သတင်းများ

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၄ခုကို ဒီဇင်ဘာ ၂၀ရက်က အိမ်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးမောင်မောင်လေးက မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်ကျင်သို့ စုပေါင်းပေးအပ်စဉ်။ (က-ပ)

သန်လျင်ရွှေပေါ်ကျွန်း ဌာပနာပူဇော်ပွဲကျင်းပမည်

သန်လျင် ဇန်နဝါရီ ၄

အရှင်ဇေယျသိဒ္ဓိဓမ္မဉာဏ်ကရွှေပေါ်ကျွန်းဆရာတော်၏ တပည့်ဦးဝိလာသ ဦးဆောင်၍ သန်လျင် ရွှေပေါ်ကျွန်း သာသနာပြုစခန်းတွင်ရှိ အဘယသန္တိစေတီတော် ဌာပနာထည့်သွင်း ပူဇော်ပွဲကို ပြာသိုလဆန်း ၄ ရက် (ကြာသပတေးနေ့)တွင် ကျင်းပမည် ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ဇီးကုန်းအထက ရွှေရတုသဘင်ကျင်းပမည်

ဇီးကုန်း ဇန်နဝါရီ ၃

ပဲခူးတိုင်း ဇီးကုန်းမြို့အထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲများနှင့် မိတ်ဆုံပွဲကို ဇန်နဝါရီ ၈ရက်မှ ၁၀ရက်ထိ ကျင်းပမည်ဖြစ်သည်။

ဇီးကုန်းအထကတွင် တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများကြွရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဇီးကုန်းမြို့တွင် ဦးဝင်းဆွေ ဖုန်း-၁၁၄၊ ဦးကံညွန့် ဖုန်း-၅၄၊ ဦးမြင့်အောင် ဖုန်း-၄၅၊ ဒေါ်ခင်သီ ဖုန်း-၅၁၊ ဦးစန်းအောင် ဖုန်း-၁၃၇၊ ဦးအုန်းကျော် ဖုန်း-၅၇၃၀၂၁၊ ၀၉၈၀-၃၃၈၉၆၊ ဦးကျော်ဝင်း ဖုန်း-၂၀၀၀၂၉၊ ၂၀၂၉၉၁၊ ဦးအေးသောင်း ဖုန်း-၃၇၈၇၉၁၊ ဒေါ်သန်းအိဖုန်း-၅၀၀၄၄၇၊ ဦးထွန်းအောင် ဖုန်း-၅၀၁၅၃၆၊ ဦးအေးလှိုင် ဖုန်း-၅၂၇၀၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပဲခူးမြို့ကန်တော်ကြီးရေလှောင်ကန်သန့်ရှင်းမှုရှိရေးနှင့် သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရေးဆောင်ရွက်ထားရှိမှု လုပ်ငန်းများကို ဒီဇင်ဘာ ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်စစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာမှူးဦးအောင်ထွန်းနှင့်လက်ထောက်အင်ဂျင်နီယာ ဦးလေးလွင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်ကျင်းပမည်

ပြည် ဇန်နဝါရီ ၂

ပြည်တွင်းပြည်ပမှစီးပွားရေးလုပ်ငန်းရှင်များ၊ ထုတ်ကုန်လုပ်ငန်းရှင်များသည် မိမိတို့၏ အဆင့်မြင့်ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချနိုင်ရန်နှင့် ပဲခူးတိုင်းမှ ပြည်သူများ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူနိုင်ရန် ရည်ရွယ်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း)၏ ကူညီပံ့ပိုးမှုဖြင့် Climax Business Group Co., Ltd.မှ ပဲခူးတိုင်း ပြည်မြို့ ခေတ္တရာ ပြည်သူ့ခန်းမတွင်ဇန်နဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ အဆင့်မြင့်ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်ကို ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အဆင့်မြင့်ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်တွင် Aung kaungmyat Co., Ltd. (Solo Soft Drinks)မှ အဓိက ပံ့ပိုးကူညီပြီး ကုမ္ပဏီများ၊ လုပ်ငန်းရှင်များက အလှကုန်နှင့်လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသုံး ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်းနစ်နှင့် အဆင့်မြင့် နည်းပညာဆိုင်ရာ ပစ္စည်းအမျိုးမျိုး၊ ဆက်သွယ်ရေးနှင့် လုံခြုံရေးပစ္စည်းအမျိုးမျိုး၊ပလတ်စတစ်နှင့်ဖိုင်ဘာပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် အနောက်တိုင်း ဆေးဝါးအမျိုးမျိုး၊ စက်မှုလယ်ယာသုံးပစ္စည်းအမျိုးမျိုးနှင့် အခြားသော အရည်အသွေး စံချိန်မီကုန်ပစ္စည်းများကို ပါဝင်ပြသရောင်းချကြမည်ဖြစ်သည်။

ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာကြသော ပြည်သူအား ကုန်ပစ္စည်း သရုပ်ပြ ရှင်းလင်းပွဲများ၊ ဝတ်စားဆင်ယင်မှု ပြပွဲများဖြင့် တင်ဆက်သွားမည်ဖြစ်သည်။

ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်တွင် ပြသရောင်းချလိုသော လုပ်ငန်းရှင်များ အနေဖြင့် Climax Business Group Co., Ltd. တိုက် (၆)၊ အခန်း (၂၈)၊ ပြည်ရိပ်မွန် အိမ်ရာ၊ ၈-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၂၄၇၉၀ သို့ ဆက်သွယ်စုံစမ်း ပြသနိုင်ကြောင်း သိရသည်။ **(က-ပ)**

မီးဘေးကြိုတင်ကာကွယ်ရေးဟောပြော

သီပေါ ဒီဇင်ဘာ ၃၀

သီပေါမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ မီးဘေး ကြိုတင်ကာကွယ်ရေး ပညာပေး ဟောပြောပွဲများကို သီပေါမြို့ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများတွင် ဒီဇင်ဘာ ၁၀ ရက်မှ ၂၁ ရက်အထိ ကျင်းပသည်။

အဆိုပါ အခမ်းအနားများတွင် မြို့နယ် မီးသတ် ဦးစီးဌာနဦးစီးမှူး ဦးအောင်သူနှင့် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမောင်လတ် (သီပေါကိုလတ်)တို့က မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေး ဟောပြောကြသည်။ **(က-ပ)**

စစ်တွေမြို့ပေါ် ရပ်ကွက်များ သန့်ရှင်းသာယာလှပရေးနှင့်ရေစီးရေလာကောင်းမွန်ရေးကို ဆောင်ရွက်လျက် ရှိရာ ဒီဇင်ဘာ ၁၈ ရက်က မင်းဘာကြီး လမ်းဘေး ဝဲ၊ ယာ ရေစီး ရေလာကောင်းမွန်ရေး အတွက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွဋ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိဦးတင်အောင်စောတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြား

ရန်ကုန် ဇန်နဝါရီ ၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်အောင်ခင်စိုးနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

တပ်ခွဲများစစ်ဆေး

အခမ်းအနားတွင် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းတပ်ခွဲများကို စစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✪

အလေးပြုခြင်းခံယူ

ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်း အမှတ်စဉ် (၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့သမဝါယမ ရာပြည့်အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော်-၂၀၀၅ ဖွင့်

ရန်ကုန် ဇန်နဝါရီ ၇

သမဝါယမဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာ့သမဝါယမ ရာပြည့်အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၅ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ သမဝါယမကုန်သည်ရောင်းဝယ်ရေးဗဟိုဌာန (ဆရာစံပလာဇာ)၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်၍ မြန်မာ့သမဝါယမ ရာပြည့်အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၅ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးသန်းရွှေ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ စီးပွားရေးသံမှူးများနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●

ခေါင်းကြီး၊ သတင်း၊ ဆောင်းပါး အညွှန်း

* ***ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ(စီမံကိန်း)ကို ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းပေးရန်နှင့် သွင်းကုန်အစားထိုး ဆောင်ရွက်နိုင်ရန် ရည်ရွယ်တည်ဆောက်လုပ်ကိုင်လျက်ရှိ*** **(ခေါင်းကြီး)** စာမျက်နှာ (၂)
* ***အမေရိကန်ကားဈေးကွက်တွင် ဂျီအမ်နှင့် ဖို့ဒ်ကားများရောင်းချမှု ကျဆင်းလျက်ရှိပြီး ဂျပန်ကားကုမ္ပဏီများ ရောင်းချရမှု ဆက်လက်တိုးတက်*** **(နိုင်ငံတကာသတင်း)** စာမျက်နှာ (၅)
* **ဤရွှေမြန်မာနိုင်ငံ၌ ရွှေသာသနာ ကမ္ဘာအနှံ့ပြန့်ပွားစေရန် ရွှေညီလာခံကြီးတစ်ခု သမိုင်းဝင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ...** ရတနာစည်ဆရာတော်(လှိုင်လင်)၏ ***"ရွှေသာသနာ ရွှေမြန်မာ ရွှေညီလာ(၁)"*** **(ဆောင်းပါး)** စာမျက်နှာ (၆)